# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၈ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တစ်နိုင်ငံလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်

နောင်တွင် မည်သူပင် တာဝန်ယူစေကာမူ တာဝန်ယူမည့်သူများထံ စနစ်တကျ လွှဲပြောင်းပေးပြီး ၎င်းတို့က အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားကြရမှာဖြစ်၊ သို့မှသာ မိမိတို့ ရည်မှန်းထားသည့်အတိုင်း တစ်နိုင်ငံလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား သွားလာဆက်သွယ်မှုလည်း လွယ်ကူချောမွေ့သွားမှာဖြစ်။



အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# စိစစ်အတည်ပြုလိုက်သော အထူးစီမံကိန်းကြီးများကို အမြန်ဆုံးအကောင်အထည်ဖော် အထူးစီမံကိန်းကြီးများ အရှိန်အဟုန်မပျက် မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်

## စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ပြည်ထောင်စုကြီး ပိုမိုစည်းလုံးညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာမည်

နေပြည်တော် ဩဂုတ် ၁၇

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ●



မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၈ ရက်)

# အာကာသသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာ

လူတို့သည် နေ၊ လ၊ ကြယ်၊ ဂြိုဟ် စသည့် အာကာသဆိုင်ရာ အကြောင်းအရာများကို စိတ်ဝင်စားကြသည်။ လေ့လာစူးစမ်း မှတ်သားမှု ပြုကြသည်။ ခေတ်ကာလအဆက်ဆက် နည်းပညာတိုးတက်မှုအပေါ်အခြေခံ၍ သိပ္ပံဆိုင်ရာ လေ့လာမှုများပြုပြီး စမ်းသပ်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ပြည်သူလူထု ဗဟုသုတတိုးပွားရန်၊ အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ အာကာသသိပ္ပံပညာရပ်များကို လေ့လာစူးစမ်းလိုစိတ်များ ကိန်းအောင်းဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အနီး၌ ဖွင့်လှစ်ထားရှိသည်။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်မီနည်းပညာနှင့် အဆင့်မြင့် ဒစ်ဂျစ်တယ်သုံး စက်ကိရိယာများ တပ်ဆင်နိုင်သော နက္ခတ်တာရာပြခန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌သာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၌ ခေတ်မီအဆင့်မြင့် နက္ခတ်တာရာပြခန်းကို ဖွင့်လှစ်ထားနိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိ နက္ခတ္တပညာရပ်နှင့်စပ်လျဉ်း၍ ထင်ရှားကျော်ကြားသည့် ပညာရှင်ကြီးများလည်း ပေါ်ထွက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ညောင်ကန်ဆရာတော်၊ မုံရွေးဇေတဝန်ဆရာတော်၊ ယောအတွင်းဝန် ဦးဖိုးလှိုင် စသည်တို့သည် ထင်ရှားခဲ့သော ပညာရှင်ကြီးများ ဖြစ်ကြသည်။

ယနေ့ခေတ်ကာလတွင် အိုင်တီနည်းပညာရပ်များ ကျွမ်းကျင်သည့် ပညာရှင်များက နက္ခတ်ပညာ ပြန့်ပွားတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ နက္ခတ္တဗေဒ ပညာရပ်နှင့်စပ်လျဉ်း၍ ခေတ်မီတိုးတက်သော နိုင်ငံသားတိုင်း အာကာသနှင့်နက္ခတ္တပညာဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာများကို လေ့လာသင့်သည်။

သို့ဖြစ်ရာ အနာဂတ်မျိုးဆက်သစ် လူငယ်များသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ အာကာသသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများစွာကို ပေးစွမ်းမည့် နက္ခတ်ပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အထက(၁) ကြည့်မြင်တိုင်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

၂၀၁၀-၂၀၁၁ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုကို ဩဂုတ် ၁၃ရက်က အထက(၁)ကြည့်မြင်တိုင်၌ ကျင်းပသည်။ **(အောက်ပုံ)** အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့် ဦးဆောင်၍ တာဝန်ရှိသူများ၊ ဆရာမများက စုပေါင်းကာ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ရောဂါကြိုတင်ကာကွယ် အသိပညာပေး ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးပြီး အထူးအစီအစဉ်အဖြစ် ကျောင်းကျန်းမာရေး စံပြမောင်မယ်ရွေးချယ်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ (၁၆၄)



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ
## တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက် နံနက်ပိုင်းက မြစ်ကြီးနားတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### အသိပညာပေးရှင်းလင်း

ရှေးဦးစွာ တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လိုက်နာရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ရခိုင်ပြည်နယ်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

စစ်တွေ ဩဂုတ် ၁၇

ရခိုင်ပြည်နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၄ရက် နံနက်၁၁နာရီခွဲက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

### ဆွေးနွေးတင်ပြ

ထို့နောက် ရခိုင်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌဦးစိန်ဒိုင်က ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

## မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

လှိုင်ကော် ဩဂုတ် ၁၇

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ရက်က သီရိမင်္ဂလာဈေးကြီးအတွင်း ဈေးသူဈေးသားများ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံကို ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သိန်းက လက်တွေ့သရုပ်ပြသရာ အမှုဆောင်အရာရှိနှင့် ဈေးတာဝန်ခံများက ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**




## မြဝတီရုပ်မြင်သံကြား

၁၈-၈-၂၀၁၀

(ဗုဒ္ဓဟူးနေ့)

### နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ကိုရင်ဘဝမှာ စာသင်ရတာပဲပျော်**
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

### ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လှုပ်တစ်ပြက်
- ၆း၃၅ ၁၄။ Mail Box
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၃၉)
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၄၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်စရာရွှင်စရာ ဟာသပဒေသာ **အိပ်မက်ထဲက ရွှေထုပ်** (အပိုင်း-၁) ကောင်းခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ရီရီပွင့်ဖြူ၊ ရွှန်းလဲ့ ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
- ၂၂။ Internet Website မှ ပုံရိပ်များ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၅)
- ၂၅။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း



ပဲခူးတိုင်း ထန်းတပင်မြို့ သန့်ရှင်းသာယာလှပရေးစီမံချက်အရ မြို့တွင်းလမ်းမကြီးဖြစ်သော ထန်းတပင်-တပြေးလမ်းမကြီးဘေး ဝဲယာတစ်လျှောက် မြို့သန့်ရှင်းရေးဆောင်ရွက်မှုနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ဇူလိုင်၂၀ရက်က အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# ကျုံပျော်မြို့နယ်၌ ကျောက်ချောလမ်းဖွင့်ပွဲ
## ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဩဂုတ် ၁၆ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကျုံပျော်မြို့နယ် အထောင်-မန်းကြာ-သစ်မသိ-သာယာကုန်း-မန်းစက္ကူ ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တိုးတက်ကောင်းမွန်

ယင်းကျောက်ချောလမ်းသည် လမ်းအရှည်ပေ ၇၉၂၀၊ အကျယ် ၁၀ပေရှိပြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သောလမ်းဖြစ်သည်။ ယခင်မြေသားလမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် စုစုပေါင်း ကတ္တရာလမ်း ၃၂၇၂ပေ၊ ကျောက်ချောလမ်း ၂၂၈၁၄ပေ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထောင်၊ မန်းကြာ၊ သစ်မသိ၊ ကွင်းချောက်၊ ကွင်းလျား၊ သာယာကုန်းနှင့် မန်းစက္ကူကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၄၀ နေ ပြည်သူများအတွက် အထောင်မှ ဓနုဖြူမြို့သို့လည်းကောင်း၊ မန်းစက္ကူ၊ ကျုံတာနီးမှ ဟင်္သာတမြို့သို့လည်းကောင်း ခရီးမိုင် ၁၄မိုင်ခန့် သက်သာသွားသည်။ ထို့အပြင် ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)





## တက်ရောက်အားပေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ကျုံပျော်မြို့နယ် အထောင် - မန်းကြာ - သစ်မသိ - သာယာကုန်း - မန်းစက္ကူ ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

# စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး
## အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၁၅ရက် ညနေပိုင်းတွင် မကွေးတိုင်း သရက်မြို့နယ်ရှိ သရက်ဘိလပ်မြေစက်ရုံသို့ သဘာဝဓာတ်ငွေ့ ပေးပို့နိုင်ရေးအတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသည့် ဧရာဝတီမြစ်အောက်ကြမ်းပြင်မှ ဖောက်လုပ်နေသော အောင်လံ-သရက် မြစ်ဖြတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### တွေ့ဆုံအားပေး

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိပြီး အမိုးနီးယားစက်ရုံ၊ ယူရီးယားစက်ရုံနှင့် ဖြန့်ဖြူးရေးဌာနများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ယူရီးယားဓာတ်မြေဩဇာ တိုးမြှင့်ထုတ်လုပ်ရေး၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများသို့ စိုက်ပျိုးရေးရာသီအမီ အလျင်အမြန် ဖြန့်ဖြူးပေးရေး ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၆ရက် ညနေပိုင်းတွင် ပြည်ရေနံမြေသို့ ရောက်ရှိပြီး ဇီးကုန်း-ပြည် (၁၀)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖိအားစမ်းသပ်နေမှုနှင့် ငဖြူကလေး-ကြို့ပင်ကောက် (၆)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အောင်လံ-သရက် မြစ်ဖြတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

## ကြိုဆိုနှုတ်ဆက်

ဩဂုတ် ၁၇ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



# သွေးလွန်တုပ်ကွေး ကာကွယ်ရေး မိုးမိတ်၌ခြင်ဆေးဖျန်း

မိုးမိတ် ဩဂုတ် ၁၇

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဩဂုတ် ၄ရက်က ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ကွယ် လွန် သူ ဒေါ်ခင်နှင်းအေး (၅၉) နှစ်၏ တစ်လပြည့် ကိုရည်စူး၍ ကန်တော်မွန်အိမ်ရာ လေးထောင့်ကန်ရပ်ကွက် သဃ်ံန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ် မျိုးလှ(ငြိမ်း) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး ပ ဒေ သာ ပင် အတွက် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဂုဏ်ထူးဆောင်ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးလှမြင့် (၉) (ဆေးရုံအုပ်ကြီး) လက်ခံစဉ်။

(သတင်းစဉ်)




# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ
## ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ကက) အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့သည် နှစ်ဂိုးစီ သရေဖြစ်သွားကြပြီး နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ကက) အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းက အမှတ် (၁)စက်မှုဝန်ကြီးဌာန အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၈ရက် ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ခခ) အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စာအုပ်စာပေ လူ့မိတ်ဆွေ

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ နံနက် ၈နာရီ ၉မိနစ် ၃၁စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၇၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



ဂန့်ဂေါမြို့တွင် မြို့မဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၃ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## ယူရေနီယံ သန့်စင်စက်ရုံများ အီရန်တည်ဆောက်ရန် ကြေညာ

တီဟီရန် ဩဂုတ် ၁၇

အီရန်နိုင်ငံက လာမည့်မတ်လတွင် ယူရေနီယံသန့်စင်ထုတ်လုပ်မည့် စက်ရုံသစ် တစ်ရုံ ဆောက်လုပ်သွားရန် ဩဂုတ် ၁၆ရက်က အီရန်တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဆာလီဟီဆိုသူက ထုတ်ဖော်ကြေညာလိုက်သည်။

ယူရေနီယံသန့်စင်ရေးစက်ရုံများသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအတွက် လိုအပ်နေကြောင်း၊ ယခုဆောက်လုပ်မည့် ယူရေနီယံ သန့်စင်ရေးစက်ရုံသည် အီရန်နိုင်ငံက တည်ဆောက်ရန် လျာထားသည့် နျူကလီးယားစက်ရုံ ၁၀ရုံအနက် တစ်ရုံဖြစ်ကြောင်း၊ ၄င်းအဆောက်အအုံကို အီရန်ပြက္ခဒိန်နှစ်ကုန် ၂၀၁၁ခုနှစ် မတ်လတွင် စတင်တည်ဆောက်မည် ဖြစ်ကြောင်း အဆိုပါ ပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားသည်။

### ဖြည့်ဆည်း

ယူရေနီယံ သန့်စင်ထုတ်လုပ်မည့် စက်ရုံများကို တောင်ကြားဒေသ၌ တည်ဆောက်သွားသင့်ကြောင်း၊ ၄င်းစက်ရုံများသည် ဘူရှီးဟာရှိ နျူကလီးယားစွမ်းအင်စက်ရုံအတွက် လိုအပ်သောလောင်စာဆီများကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

အီရန်နိုင်ငံတောင်ပိုင်း၌ ရုရှားနိုင်ငံ၏ အကူအညီဖြင့် ဘူရှီးဟာ နျူကလီးယား စွမ်းအင်စက်ရုံကြီး တည်ဆောက်ခဲ့ပြီး ရုရှားနိုင်ငံက လိုအပ်သည့်လောင်စာဆီကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။ (အင်တာနက်)



ဘောလုံးစွမ်းရည်ပြသ

တရုတ်နိုင်ငံ ဟီဖိုင်မြို့ ငါးပြတိုက်၌ လင်းပိုင်တစ်ကောင် ဘောလုံးစွမ်းရည် ပြသနေသည်ကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## တတိယမြောက် ပင်လယ်ဆိပ်ကမ်း ဘင်္ဂလားဒေ့ရှ်၌ တည်ဆောက်မည်

ဒါကာ ဩဂုတ် ၁၇

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တတိယမြောက် ပင်လယ်ဆိပ်ကမ်းကြီးတစ်ခုကို တည်ဆောက်သွားရန် ဘင်္ဂလားဒေ့ရှ်အစိုးရက စီစဉ်လျက်ရှိကြောင်း အစိုးရအရာရှိများက ဩဂုတ် ၁၇ရက်၌ ပြောကြားသည်။**

### တည်ဆောက်ထား

အဆိုပါ ပင်လယ်ဆိပ်ကမ်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်မှ တောင်ဘက် ၂၀၄ကီလိုမီတာအကွာရှိ ပါတူရာခီလီခရိုင်အတွင်း၌ တည်ဆောက်ရန် ရွေးချယ်ထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ချီတာဂွန် ဆိပ်ကမ်းနှင့် မွန်ဂလာ ဆိပ်ကမ်းတို့ တည်ဆောက်ထားပြီး ဖြစ်သည်။ ယခု တတိယမြောက် ပင်လယ် ဆိပ်ကမ်းကို ခေတ်မီနည်းစနစ်များ အသုံးပြု တည်ဆောက်သွားမည်ဖြစ်ရာ ပြည်တွင်း ပြည်ပရေကြောင်းကုန်သွယ်မှု ပိုမိုသွက်လက်မြန်ဆန်စေမည် ဖြစ်သည်။ ယခု တည်ဆောက်မည့် ပင်လယ်ဆိပ်ကမ်းသစ်သည် ဘင်္ဂလားဒေ့ရှ် တစ်နိုင်ငံတည်းသာမက အိမ်နီးချင်းနိုင်ငံများအတွက်လည်း အသုံးပြုနိုင်အောင် တည်ဆောက်ထားခြင်း ဖြစ်သည်။ **(အင်တာနက်)**

## လူသားတို့ လက်နက် နှစ် သုံးသန်းကျော်က စတင်အသုံးပြုခဲ့

အဒစ္စအဘာဘာ ဩဂုတ် ၁၇

*အသားကိုလှီးဖြတ်ကာ အရိုးကိုခုတ်နိုင်သည့် လက်နက်ကိရိယာများကို လူသားတို့ စတင်အသုံးပြုခဲ့သည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း သုံးသန်းကျော်ကပင် ဖြစ်ကြောင်း နောက်ဆုံးတွေ့ရှိလေ့လာချက်အရ သိရသည်။*

### ပိုမိုစော

*ထိုလက်နက်ကိရိယာများကို လူသားတို့ စတင်သုံးစွဲခဲ့သည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂ဒသမ၅သန်းကဟု မူလက သတ်မှတ်ခဲ့သော်လည်း ဤတွေ့ရှိချက်အရ ထို့ထက် နှစ်ပေါင်းတစ်သန်း ပိုမိုစောကြောင်း နေ့စဉ်ထုတ်ဂျာနယ်၌ ဖော်ပြပါရှိသည်။*

*ကြီးမားသောအရိုးနှစ်ချောင်းကို အီသီယိုးပီးယားနိုင်ငံရှိ အဖားဒေသမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဤတွေ့ရှိချက်က လူသားတို့အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှု ဖြစ်စဉ်အတွက် အရေးပါသည့် တွေ့ရှိချက်ဖြစ်သည်ဟုဆို၏။* (အင်တာနက်)

## ကိုလံဘီယာမြောက်ပိုင်း၌ လက်ပစ်ဗုံးဖြင့် တိုက်ခိုက် ရှစ်ဦး ဒဏ်ရာရ

ဘိုဂိုတာ ဩဂုတ် ၁၇

ကိုလံဘီယာနိုင်ငံ မြောက်ပိုင်း ကောကာစီယာမြို့ရှိ အင်တာနက်ကော်ဖီဆိုင်တစ်ဆိုင်၌ ဩဂုတ် ၁၅ရက်က လက်ပစ်ဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

### ကောက်ချက်ချ

အဆိုပါ ဖောက်ခွဲမှုမှာ မူးယစ်ဆေးဝါး မှောင်ခိုအဖွဲ့အစည်းများအကြား လက်စားချေမှုပင်ဖြစ်ကြောင်း အာဏာပိုင်များက ကောက်ချက်ချထားသည်။

### လွတ်မြောက်

တရားခံမှာ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေး လွတ်မြောက်သွားကြောင်းနှင့် ဒဏ်ရာရရှိသူများသည် ကောကာစီယာမြို့ရှိ စီဆာပိုင်ဒါဟီတာဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်းသိရသည်။ ယခုနှစ် အတွင်း ၄င်းမြို့၌ အလားတူ တိုက်ခိုက်မှုမျိုး သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

## တောင်ကိုရီးယားရှိ အဓိကလေဆိပ်များ ခန္ဓာကိုယ်စစ်ဆေးရေး စကင်နာများတပ်ဆင်မည်

ဆိုးလ် ဩဂုတ် ၁၇

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ အဓိကလေဆိပ်များတွင် ခန္ဓာကိုယ်ရှာဖွေစစ်ဆေးရေးစကင်နာများကို စက်တင်ဘာ ၁ရက်မှစတင်ကာ ရက်ပေါင်း ၃၀အတွင်း အပြီးတပ်ဆင်ပြီး အောက်တိုဘာလမှစတင်၍ အသုံးပြုတော့မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဩဂုတ် ၁၆ရက်၌ပြောကြားသည်။

### တပ်ဆင်မည်

တောင်ကိုရီးယားနိုင်ငံရှိ ဂမ်ပို၊ ဂမ်ပို၊ အင်ချွန်း၊ ဂျီဂျူစသည့် အဓိကနိုင်ငံတကာ လေဆိပ်များတွင် အပြည့်အစုံတပ်ဆင်ပြီး စက်တင်ဘာလမှစတင်ကာ အသုံးပြုနိုင်ရေး အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ စကင်နာများတပ်ဆင်ခြင်းဖြင့် အန္တရာယ်များသည့် ကူးစက်ရောဂါများ၊ လက်နက်များသယ်ဆောင်မှုတို့ကို စစ်ဆေးနိုင်မည်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်မှုများကိုလည်း ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

**အီဂျစ်နိုင်ငံတွင် နှစ်သက်တမ်း ၄၈၀၀ ခန့်ရှိသော ကမ္ဘာ့သက်တမ်းအရင့်ဆုံး သစ်ပင်ကြီးကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)





**ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်နိုင်သည့် ကားများ မောင်းနှင်နေမှုကို ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### တရုတ်အရှေ့မြောက်ပိုင်း၌ မီးပန်းစက်ရုံပေါက်ကွဲ

*တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျင်ပြည်နယ် ယီချန်စီးတီးခရိုင်ရှိ မီးရှူးမီးပန်း စက်ရုံတစ်ရုံ၌ ဩဂုတ် ၁၇ရက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ၁၉ဦး သေဆုံးပြီး ၁၅၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

### အာကာသယာဉ်စခန်း၌ ပြုပြင်မှုပြီးစီး

*နိုင်ငံတကာအာကာသယာဉ်စခန်း၏ အအေးပေးစနစ်ပျက်စီးနေမှုအပိုင်းကို ပြုပြင်တပ်ဆင်မှုများ ဩဂုတ် ၁၇ရက်ကပြီးစီးခဲ့ကြောင်း၊ အစိတ်အပိုင်းအနည်းငယ်သာ ကျန်ရှိတော့ကြောင်း နာဆာကသတင်းထုတ်ပြန်သည်။*

### ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းကျဆင်း

*ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများကျဆင်းလျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုမြို့ဈေးကွက်၌ ဩဂုတ် ၁၇ရက် ဈေးပိတ်ချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန် ၈၅ယန်းအထိကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

### ဖိလစ်ပိုင်တောင်ပိုင်း၌ ရေဘေးဒုက္ခကြုံတွေ့နေရဆဲ

*ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာဂွန်ဒါနာရိုပြည်နယ်ရှိ ဒေသများတွင် ပြီးခဲ့သည့် သီတင်းပတ်က ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၁၇ရက်အထိ ရေဘေးဒုက္ခ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။*

### ရိုမေးနီးယား၌ ဆေးရုံမီးလောင်

*ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ဆေးရုံ၌ ဩဂုတ် ၁၇ရက်က မီးလောင်မှုဖြစ်ပွားရာ ကလေးငယ်သုံးဦးသေဆုံးခဲ့ကြောင်း၊ ဆေးရုံအဆောက်အအုံအစိတ်အပိုင်းအချို့ ပျက်စီးခဲ့ကြောင်း ဘူခါရက်မြို့မီးသတ်တပ်ဖွဲ့က ပြောကြားသည်။* ***(အောက်ပုံ)***



### ဖိလစ်ပိုင်တောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

*ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအင်ဂါမြို့အနီးတွင် ဩဂုတ် ၁၇ရက်က စစ်ဘက် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူနှစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်အရာရှိများက ပြောကြားသည်။*

### ပီရူးနှင့် ချီလီ ပူးတွဲစစ်ရေးလေ့ကျင့်မည်

*ပီရူးနှင့် ချီလီနှစ်နိုင်ငံတို့ပူးတွဲကာ ဩဂုတ် ၁၇ရက်မှ စတင်ပြီး စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ကြောင်း ပီရူးစစ်ဘက်အရာရှိများက သတင်းထုတ်ပြန်သည်။*

### ပါလက်စတိုင်းနှင့် အစ္စရေးတို့ ဂါဇာ၌ ပစ်ခတ်

*ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဩဂုတ် ၁၇ရက်ကဂါဇာမြို့၌ အပြန် အလှန်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းတစ်ဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။*

### အမေရိကန် အိုကလာဟိုးမားပြည်နယ်၌ မီးလောင်

*အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် ဝီလီကာခရိုင်၌ ဩဂုတ် ၁၇ရက်က မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး အိမ်အချို့ မီးလောင်ခဲ့ကြောင်း ဝီလီကာခရိုင် မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ။* (အင်တာနက်)



## ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သူနာပြုတက္ကသိုလ်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကထိကများအားတွေ့ဆုံပြီးနောက် အမှာစကားပြောကြားရာတွင် သူနာပြုတက္ကသိုလ်မှ ဆရာများအနေဖြင့် အရည်အချင်းပြည့်ဝသော စိတ်ရင်းစေတနာကောင်းမွန်သည့် တိုင်းပြည်ချစ်စိတ်ရှိသော သူနာပြုကောင်းများ ပေါ်ပေါက်လာစေရေးအတွက် အလေးထား လေ့ကျင့်မွေးထုတ်ပေးရန်လိုအပ်ကြောင်းမှာကြားပြီး သင်ကြားရေးဌာနများ၊ စာသင်ဆောင်များနှင့် တက္ကသိုလ်စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## ကျောင်းကျန်းမာရေးစံပြကျောင်း ဆုချီးမြှင့်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်း ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းကျန်းမာရေး စံပြကျောင်း ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး စံပြကျောင်းဆုရ ကျောင်းများကို ဆုများပေးအပ်ကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးလုပ်ရှားမှုနှင့် ပညာသင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

### ချီးမြှင့်

တိုင်းမှူးသည် ဩဂုတ် ၁၁ရက်က ပဲခူးကောလိပ်ခန်းမ၌ ကျင်းပသော ပဲခူးဒီဂရီကောလိပ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲသို့ တက်ရောက်၍ ဆုရရှိကြသူ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက သုဝဏ္ဏာ၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်း မြို့နယ် အထက သုဝဏ္ဏာ၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၄ရက် နံနက် ၈နာရီက ယုဇနဆောင်၌ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကများ ဖြစ်ကြသော အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဒင်(ငြိမ်း)၊ ဦးခင်ဝေ၊ ဒေါ်ရီရီမြင့် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဦးကျော်ရှိန် (သီတဂူ)၊ ခရိုင်ပညာရေးမှူး ဦးရှိန်းလိန်းအောင်၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးသိန်းနိုင်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မျိုး (ချစ်မျိုးနွယ်-စိတ်ပညာ)၊ ဒုတိယဥက္ကဋ္ဌ ဦးဥက္ကာအေး၊ ဦးသန်းထိုက်အေး၊ အတွင်းရေးမှူးဦးကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဗိုလ်မှူးကြီး အောင်ဒင်(ငြိမ်း)က မြို့နယ်အဆင့်အောင်ချက်ရာခိုင်နှုန်း အတိုးတက်ဆုံးဆုရရှိခဲ့သဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပေးအပ်ချီးမြှင့်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြက လက်ခံယူသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးခင်ဝေက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကျော်ထင်အား ဂုဏ်ပြုလွှာပေးအပ် ချီးမြှင့်ပြီး တာဝန်ရှိသူများက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးအပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၄၀အား ဆုများချီးမြှင့်ပေးခဲ့သည်။ **(ပညာရေး)**



## မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

ပါတီတွေက ပြည်သူတွေရဲ့အထက်မှာရှိပြီး ပြည်သူတွေကို ပြန်ခိုင်းနေမယ်ဆိုရင် ဒီမိုကရေစီမဟုတ်တော့ဘူး၊ နိုင်ငံရေးပါတီတွေဆိုတာ ပြည်သူတွေရဲ့ အခိုင်းခံဘဝနဲ့ရပ်တည်ရမှာဆိုတဲ့ မြန်မာ့ဒီမိုကရေစီကွန်ဂရက်ပါတီဥက္ကဋ္ဌ ကောင်းမြင့်ထွဋ်နှင့် တွေ့ဆုံခြင်းအပါအဝင် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၁)ကိုဖြန့်ချိလိုက်သည်။

နိုင်ငံရေးပါတီများနှင့် ပြည်သူများစောင့်မျှော်နေသော ၂၀၁၀ရွေးကောက်ပွဲကြီး နိုဝင်ဘာ ၇ရက်တွင်ကျင်းပမည်၊ တရားမဝင်လိုင်စင်မဲ့ယာဉ်များ တရားဝင်မှတ်ပုံတင်ပြုလုပ်ရာတွင် အထူးယာဉ်စစ်ဆေးခနှင့် မှတ်ပုံတင်ခ ကျပ်၁၅သိန်းပေးဆောင်ရန် မလိုတော့ အခွန်နှုန်းထားများကို ပြင်ဆင်ကောက်ခံသွားမည်၊ Waka Waka ကမ္ဘာ့ဖလား ဘောလုံးပွဲသီချင်းရိုက်ကူးရာတွင် ပါဝင်ခဲ့သော မြန်မာအမျိုးသမီးငယ် သုံးဦးနှင့် တွေ့ဆုံခြင်း၊ ရေဆိုးသန့်စင်စက် Bio-Filter မြန်မာနိုင်ငံတွင်ထုတ်လုပ်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် အွန်လိုင်းမှတစ်ဆင့် အဝေးပြေးကားလက်မှတ်များ ဝယ်ယူနိုင်ပြီ၊ ဈေးကစားနေတဲ့ပဲကုန်သည်တချို့ကြောင့် ပြည်တွင်း၌သာမက ပြည်ပပဲဈေးကွက်ကိုပါ ထိခိုက်နိုင်၊ စိုက်ပျိုးထုတ်လုပ်သူများမှလွဲ၍ ပဲရောင်းဝယ်မှုပြုလုပ်လျှင် အခွန်ငါးရာခိုင် နှုန်းပေးဆောင်ရမည်၊ နိုင်ငံခြားသားပိုင်ငွေဖြင့် မြန်မာနိုင်ငံသားအမည်ခံကုမ္ပဏီနှင့် ပုဂ္ဂလိကဘဏ် ထူထောင်ခွင့်ရှိ မရှိ၊ ဝယ်ချင်တော့လည်းသူတို့ ရောင်းချင်တော့လည်း သူတို့၊ ထိုင်းနိုင်ငံပိုင် PTTEPကုမ္ပဏီက စီးပွားဖက်ရင်းနှီးမြှုပ်နှံသူအသစ်များ ဖိတ်ခေါ်၊ အမေဆိုတာအမေပါပဲ၊ ချစ်သူဆီက တကယ်ချစ်တဲ့ အချစ်စစ်တစ်ခုကို လိုချင်ပါတယ်လို့ ပြောလာတဲ့ ပြေတီဦး၊ ဘဝရဲ့လက်တွဲဖော်ကို မကြာမီလာမည်မျှော်လို့ ဖွင့်ဟလာတဲ့ အူဝဲ(ခ) အိန္ဒြာကျော်ဇင်၊ ဗီယက်နမ်မှာရှိတဲ့ အမေရိကန်လေယာဉ်တင်သင်္ဘောက တရုတ် အတွက်ခြိမ်းခြောက်မှုလား၊ အစ္စရေးက ၄င်းအား သတ်ဖြတ်ရန်ကြေးစားလူသတ်သမားများငှားရမ်းခဲ့ကြောင်း အာမက်ဒီနီဂျက်ပြောကြား၊ တိုက်ခိုက်ခံရပါက အမေရိကန် ပြည်ထောင်စုအား ချေမှုန်းပစ်မည်ဟု အီရန်တပ်မှူးများ ပြောကြား၊ သမ္မတရုစဗဲ့လ်သာဆိုရင် အီရန်နဲ့မြောက်ကိုရီးယားကိုတိုက်မှာသေချာတယ် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

## မလှိုင်မြို့နယ်၌ ကျောက်ချောခင်းဆောင်ရွက်

မလှိုင် ဩဂုတ် ၁၇

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော မလှိုင်မြို့နယ် အမှတ် (၇)လမ်း (ရှစ်မျက်နှာဘုန်းကြီးကျောင်းလမ်း) ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ဆွေဆွေယွင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## ရဲယိုကိုအခြေခံထားသော သဘာဝဓာတ်စာ ရှမ်းမောမြေမှ ထုတ်လုပ် ဖြန့်ချိလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၇

သဘာဝပေါက်ပင်တို့သည် လူသားများ ရှင်သန်ကျန်းမာရေးအတွက် အကောင်းဆုံးသော အစာလည်းဆေး၊ ဆေးလည်းအစာ (Let Food be Your Medicine and Medicine be Your Food) အဖြစ်ခံယူကာ ရှမ်းမောမြေ ကုမ္ပဏီလီမိတက်သည် နိုနီခေါ် ရဲယိုကို အခြေခံ ထုတ်လုပ်ထားသော SUMMIT -A ကို အလွယ်တကူ ထားသိုသယ်ယူ စားသုံးနိုင်အောင် ခေတ်မီနည်းပညာများဖြင့် အသုံးပြု ထုတ်လုပ် ဖြန့်ချိလျက်ရှိသည်။

နိုနီခေါ် ရဲယိုသည် ရှေးနှစ်ပေါင်း ၄၀၀၀ကျော်မှ စ၍ ၄င်း၏ အာနိသင်ကို လူသားတို့သိရှိကာ ကျန်းမာရှင်သန်ရေးအတွက် ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြကြောင်း၊ ရဲယိုသည် စိတ်မငြိမ်သူများ၊ ကင်ဆာရောဂါများ၊ စိတ်ကျရောဂါရှိသူများ၊ ဆေးလိပ်ဖြတ်လိုသူများ၊ အရက်ဖြတ်လိုသူများ၊ ထိပ်ကပ်နာ-ရင်ကျပ်ပန်းနာရှိသူများ၊ အဆုတ်ရောင်သူများ၊ အစာအိမ်အနာရှိသူများ၊ ဆီးချိုရောဂါရှိသူများ၊ ရေယုန်ရောဂါရှိသူများ၊ မှိုနှင့် တဆေးတို့ကြောင့်ဖြစ်ပွားသော ရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ ခုခံအားကျဆင်းသူများ၊ HIV ရောဂါရှိသူများ၊ အပျိုဖော်ဝင်စတွင် ဖြစ်တတ်သည့် ရောဂါနှင့် သွေးဆုံးချိန်တွင် ဖြစ်တတ်သည့်ရောဂါများ၊ နှလုံးရောဂါရှိသူများ၊ ကိုယ်ခန္ဓာ ကိုက်ခဲနာကျင်နေသူများ၊ ဦးခေါင်းအရေပြားတွင် ဗောက်ရှိသူများ၊ ခေါင်းယားသူများ သောက်သုံးပါက အထူးသင့်လျော်ပြီး ကျန်းမာကြံ့ခိုင်သည့်သူများ ဖြစ်လာနိုင်ကြောင်း ဆေးဝါးကျွမ်းကျင်သူများနှင့် ဆရာဝန်များ၊ တိုင်းရင်းသမားတော်များက အခိုင်အမာဆိုကြသည်။

### ဆက်သွယ်ဝယ်ယူ

ရှမ်းမောမြေ ကုမ္ပဏီလီမိတက်သည် ရဲယိုပင်များကို အော်ဂဲနစ် နည်းပညာဖြင့် စိုက်ပျိုးကာ ထွက်ရှိလာသည့် ရဲယိုသီးများကို သဘာဝအားဖြည့်ဓာတ်စာ (Natural Food Supplement Tonic)၊ သဘာဝအားဖြည့် အချိုရည် (Noni Hone Juice ) နှင့် ရဲယိုဓာတ်စာတောင့် (Noni Nutrients) များကို SUMMIT - A အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

SUMMIT -A အစွမ်းဖြင့် ကျန်းမာရှင်လန်းလိုသူများ၊ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးလိုသူများသည် ရှမ်းမောမြေ ကုမ္ပဏီလီမိတက် အမှတ် ၃၆၅-၃၆၇ IHBC အဆောက်အအုံ ဗိုလ်အောင်ကျော်လမ်း (အထက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၉၂၀၊ ၃၉၂၉၂၁၊ ex-၂၀၆၊ ၃၀၆ နှင့် အမြို့မြို့ရှိ ရှမ်းမောမြေ ကုမ္ပဏီရုံးခွဲများ၊ ကိုယ်စားလှယ်တော်ကြီးများထံတွင် ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

**(သတင်းစဉ်)**



## သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အလက(၇)၌ ဩဂုတ် ၁၄ ရက်က (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးပိုင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ခံကျောင်းအုပ်ဆရာမဒေါ်ကြည်ကြည်ဝင်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(၁၁၉)



## ကြည့်ရှုစစ်ဆေး

မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာရှိ ရွာချင်းဆက်တံတားကြံ့ခိုင်မှုကို ဩဂုတ် ၁၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



18-8 (05).pmd 1 8/18/2010, 2:26 AM

● *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊

## သူ့ဌေးရေအားလျှပ်စစ်

**ရခိုင်ပြည်နယ် သံတွဲမြို့ အရှေ့မြောက်ဘက်၌ ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် တည်ဆောက်နေသော သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်မြင်ကွင်း….။**



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ | စက်တပ်ဆင်အင်အား | ထုတ်လုပ်နိုင်စွမ်း |
|---|---|---|---|---|
| ၁။ | မော်လိုက်ရေအားလျှပ်စစ် (ကျောက်ဖြည့်တမံ/ ကွန်ကရစ်တမံ အမျိုးအစား) | စစ်ကိုင်းတိုင်း မော်လိုက်မြို့ အရှေ့မြောက်ဘက် မိုင် ၂၀ခန့်အကွာ ချင်းတွင်းမြစ်ပေါ် | ၅၂၀မဂ္ဂါဝပ် | နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ |
| ၂။ | ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ | စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် အနောက်မြောက်ဘက် ၁၁ကီလိုမီတာအကွာ | ၃၀၀မဂ္ဂါဝပ်×၂ | နှစ်စဉ် ကီလိုဝပ်နာရီ သန်းပေါင်း ၃၀၀၀မှ ၄၂၀၀ |



အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက မိမိဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်အားစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှု အခြေအနေနှင့် တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းနှစ်ခုကို ရှင်းလင်းတင်ပြသည်။

### မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း

ထိုစီမံကိန်းများတွင်ပါဝင်သည့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်း မော်လိုက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ/ ကွန်ကရစ်တမံ အမျိုးအစားဖြစ်သည်။ စက်တပ်ဆင်အင်အား ၅၂၀မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ကို *စာမျက်နှာ ၇ ကော်လံ ၁ သို့*

## ရဲရွာရေအားလျှပ်စစ်စီမံကိန်း

**မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲ-ယမန်းရွာအနီး အမှတ်(၂) တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ တည်ဆောက်ပြီးစီးမှု မြင်ကွင်း….။**



18-8 (06).pmd 1 8/18/2010, 2:26 AM

*စာမျက်နှာ ၆ မှ*

နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်တည်ဆောက်သွားမည်ဖြစ်သည်။ ချင်းတွင်းမြစ်ပေါ်တွင် မော်လိုက်စီမံကိန်းအပြင် ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းများလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ်၏ အနောက်မြောက်ဘက် ၁၁ကီလိုမီတာအကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား ၃၀၀မဂ္ဂါဝပ်နှစ်လုံးဖြင့် ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀မှ ၄၂၀၀အထိကို ထုတ်လုပ်ပြီး စစ်ကိုင်းတိုင်း၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ စက်ရုံအတွက် နှစ်စဉ်လိုအပ်သော ကျောက်မီးသွေးတန်ချိန် ၁၃သိန်းကျော်မှ ၁၉သိန်းခန့်အထိ ကလေးဝမြို့အနီးရှိ ပလူဇီဝ ကျောက်မီးသွေးတွင်းမှ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည်။

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောင်ရွက်ပြီးစီးပြီးဖြစ်သော်လည်း အထူးစီမံကိန်း



ပြည်သူများသို့ လျှပ်စစ်မီးပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို ဆောင်ရွက်နေကြသည်မှာ ဤသို့ သက်စွန့်ဆံဖျား....။

အဖွဲ့သို့တင်ပြရန် ကျန်ရှိနေသော စီမံကိန်းနှစ်ခုကို ရှင်းလင်းတင်ပြသည်။ ထိုစီမံကိန်းများမှာ သာကေတ-သန်လျင် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတွင် သာကေတ-သန်လျင် ၂၃၀ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၃၄မိုင် တည်ဆောက်ခြင်း၊ သန်လျင် ၂၃၀/ ၃၃/ ၁၁ ကေဗွီ၊ ၁၀၀အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ နမ့်စန်-လွိုင်လင် ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတွင် နမ့်စန်-လွိုင်လင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၃မိုင် တည်ဆောက်ခြင်း၊ လွိုင်လင် ၆၆/၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းတို့ ပါဝင်သည်။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်ဆောက်မည့်ဓာတ်အားလိုင်း |
|---|---|---|
| ၁။ | သာကေတ-သန်လျင် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ | - သာကေတ-သန်လျင် ၂၃၀ကေဗွီ ဓာတ်အားလိုင်း ၇ဒသမ၃၄မိုင်<br>- သန်လျင် ၂၃၀/၃၃/၁၁ကေဗွီ၊ ၁၀၀အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ |
| ၂။ | နမ့်စန်-လွိုင်လင် ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ | - နမ့်စန်-လွိုင်လင် ၆၆ကေဗွီ ဓာတ်အားလိုင်း ၁၃မိုင်<br>- လွိုင်လင် ၆၆/၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ |

### မဟာဓာတ်အားလိုင်းစီမံကိန်းများ

ဆက်လက်၍ ဝန်ကြီးဦးခင်မောင်မြင့်က အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် ဓာတ်အားများကို မဟာဓာတ်အားစနစ်သို့ ဆက်သွယ်ပို့လွှတ်ရေး၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေးနှင့် ကုန်ထုတ်စက်ရုံများအား ဓာတ်အားပေးနိုင်ရေးအတွက် ဆက်လက်တည်ဆောက်မည့် စီမံကိန်းအသစ် ၃၇ခုနှင့် အဆိုပါစီမံကိန်းများတွင် ပါဝင်မည့် မဟာဓာတ်အားလိုင်း ၅၂လိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ ၅၃ရုံ တည်ဆောက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းမဟာဓာတ်အားလိုင်းစီမံကိန်းများသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် စသည့် ပြည်နယ်နှင့်တိုင်းတို့အကြား ဓာတ်အားဆက်သွယ်ပေးပို့မည့် စီမံကိန်းများဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ တာဝန်ယူတည်ဆောက်ခဲ့သော ကမာနတ်-မြောင်းတကာ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း သွယ်တန်းမှုမြင်ကွင်းကား ဤသို့ မျက်စိတစ်ဆုံး....။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ပျော်ဘွယ်-ရေနီ-တောင်ဖီလာ (၁၂လက်မ×၉၇မိုင်) သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်းက ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းငါးခုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် *စာမျက်နှာ ၈ ကော်လံ ၁ သို့*



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၈ရက် (ဥပုသ်နေ့) ၁၈-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ **စစ်ကိုင်းတောင်ရိုးမည့ြိုးသည့် သာသနာ** (အပိုင်း-၂)
၈း၁၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၂၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၃၀ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ Islands of Dhamma
၈း၅၀ ၁၁။ ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာရဋ္ဌဂုရု)နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် **(Delta United F.C နှင့် ဧယျာဝတီရွှေမြေ F.C)**
၅း၀၀ ၂။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) အထက(၁) သန်လျင် (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၄။ သီချင်းကြီးပဒေသာ
၅း၃၅ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၅၀ ၆။ International Science News
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ မြန်မာ့ခလေ့ ရိုးရာလက်ဇေ့
၆း၃၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၀ ၁၁။ ရှုသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၀ ၁၂။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ စည်းလုံးတဲ့မြေ (စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်) (မအူပင်)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၉)
၁၈။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **ဥဂ္ဂသေနဇာတ်တော်ကြီးပြိုင်ပွဲ** (ဒုတိယဆု) (မန္တလေးတိုင်း) (ဒုတိယပိုင်း)
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၀။ အစီအစဉ်ပြီး၏။

18-8 (07).pmd 1 8/18/2010, 2:26 AM

# နောင်တွင် မည်သူပင်တာဝန်ယူစေကာမူ တာဝန်ယူမည့်သူများ

## ၎င်းတို့က အရှိန်အဟုန်မပျက် ဆက်လက်တည်ဆေ



စွမ်းအင် ဝန်ကြီး ဌာန ဝန်ကြီး ဦးလွန်းသီ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

### ရထားလမ်းစီမံကိန်း

အလားတူ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဒေသများနှင့် ကဘော်ချိုင့်ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်းစီမံကိန်းကို တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါရထားလမ်းသည် ခရီးမိုင် ၁၃၅မိုင်ရှိပြီး ချင်းတွင်းမြစ်ကူးတံတားကြီးတစ်စင်းအပါအဝင် တံတားကြီး/ငယ် ပေါင်း ၆၇၅စင်း တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်း စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါရထားလမ်းသည် ခရီးမိုင် ၁၅၀ရှိပြီး ဘူတာပေါင်း ၂၅ဘူတာ၊ တံတားကြီး/ငယ်ပေါင်း ၇၅၀စင်း ပါဝင်မည်ဖြစ်သည်။

ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်စန်မြို့တို့တွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖား စက်ရုံအားလုံး တည်ဆောက်ပြီးစီးပါက စက်ရုံစုစုပေါင်း ၁၁ရုံရှိမည်ဖြစ်ပြီး အဆိုပါစက်ရုံများမှ နှစ်စဉ် ကွန်ကရစ်ဇလီဖား စုစုပေါင်း ၂၂သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။



ရထားပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်း ရထားလမ်းခရီးမိုင် ၁၄၉၄ ဒသမ ၇၀မိုင်၊ ပေ ၁၈၀အထက် ရထားလမ်းတံတား ၆၂စင်းအပါအဝင် ရထားလမ်းတံတား ၅၃၂၈စင်း၊ ရပ်စခန်းဘူတာ အပါအဝင် ဘူတာပေါင်း ၃၉၄ဘူတာတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

### ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းများအလိုက် လိုအပ်ချက်များကို မှာကြားလမ်းညွှန်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ စိစစ်အတည်ပြုလိုက်သော အထူးစီမံကိန်းကြီးများကို အမြန်ဆုံး စတင် အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း၊ နောင်တွင် မည်သူပင်တာဝန်ယူစေကာမူ တာဝန်ယူမည့်သူများထံ စနစ်တကျ လွှဲပြောင်းပေးပြီး ၎င်းတို့က အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ရည်မှန်းထားသည့်အတိုင်း တစ်နိုင်ငံလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား သွားလာဆက်သွယ်မှုလည်း လွယ်ကူချောမွေ့သွားမှာဖြစ်ကြောင်း၊ ထိုသို့ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကြီး ပိုမိုစည်းလုံး



ညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွား ဖြ
ထို့ကြောင့် အထူးစီမံကိန်းကြီးများကို အရှိန်အ
အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ခေ
နိုင်ငံကို အောင်မြင်အောင် တည်ဆောက်သွား
မှာကြားသည်။

### ပိုက်ဆက်လုပ်ငန်း

ကမ်းလွန်မှ သဘာဝဓာတ်ငွေ့များ လှိုင်မြစ်မှ တစ်ဆင့် ပင်မ ဓာတ်ငွေ့ ဖြန့်ဖြူးရေး စခန်းသို့ ၂၄လက်မပိုက်လိုင်းများဖြင့် ပေးပို့ရန် ပိုက်ဆက်လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကာလက မြင်ကွင်း....။





### ရဲတံခွန် သဘာဝဓာတ်ငွေ့

မုတ္တမ ကမ်းလွန်ဒေသရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်ကို ဝေဟင်မှ မြင်တွေ့ရသည့်မြင်ကွင်း....။



## စွမ်းအင်ဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း

| ဆက်သွယ်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း | |
|---|---|
| ၁။ | ပျော်ဘွယ်-ရေနီ-တောင်ဖီလာ (၁၂လက်မ×၉၇ မိုင်)သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေး။ |

*စာမျက်နှာ ၇ မှ*

နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ရထားလမ်းအရှည် မိုင် ၁၂၀ခန့်ရှိပြီး နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဘူတာမှ ရှမ်းပြည်နယ် ပင်လောင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းဖြစ်သည်။ အဆိုပါ ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၂၄ ဘူတာ၊ တံတားကြီး/ ငယ်ပေါင်း ၅၂၅စင်း၊ ဥမင်တစ်ခုတို့ ပါဝင်မည်ဖြစ်သည်။

မြစ်ကြီးနား- ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ခရီးမိုင် ၄၇၄ ဒသမ ၅မိုင် ရှည်လျားပြီး ဘူတာပေါင်း ၇၈ဘူတာ၊ တံတားကြီး/ ငယ်ပေါင်း ၂၃၃၅စင်း ပါဝင်မည်ဖြစ်သည်။

# ယူမည့်သူများထံ စနစ်တကျလွှဲပြောင်းပေးပြီး
# သက်တည်ဆောက် သွားကြရမည်





ညီညွတ်ခိုင်မာလာပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီမံကိန်းကြီးများကို အရှိန်အဟုန်မပျက် မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို အောင်မြင်အောင် တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

## ကွန်ကရစ် ဇလီဖားစက်ရုံ(ပခုက္ကူ)

ရထားလမ်းများအတွက် အသုံးပြုရန်လိုအပ်သည့် ကွန်ကရစ် ဇလီဖားတုံးများကို ထုတ်လုပ်ပေးလျက်ရှိသော ကွန်ကရစ် ဇလီဖားစက်ရုံ(ပခုက္ကူ)။

## ပိုက်ဆက် လုပ်ငန်း

ကမ်းလွန်မှ သဘာဝဓာတ်ငွေ့များ လှိုင်မြစ်မှ တစ်ဆင့် ပင်မ ဓာတ်ငွေ့ဖြန့်ဖြူးရေး စခန်းသို့ ၂၄လက်မပိုက်လိုင်းများဖြင့် ပေးပို့ရန် ပိုက်ဆက်လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကာလက မြင်ကွင်း….။



ရခိုင်ပြည်နယ် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ခုတ်မောင်းနေသော ရထားတစ်စင်း….။



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

| စဉ် | ဖောက်လုပ်မည့်လမ်းပိုင်း | လမ်းအရှည် |
|---|---|---|
| ၁။ | နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်း | မိုင်၁၂၀ ခန့် (၂၄ဘူတာ၊ တံတား ကြီး/ငယ် ၅၂၅စင်း၊ ဥမင်တစ်ခုပါဝင်မည်) |
| ၂။ | မြစ်ကြီးနား-ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း | ၄၇၄ ဒသမ ၅မိုင် (၇၈ဘူတာ၊ တံတား ကြီး/ငယ် ၂၃၃၅စင်း ပါဝင်မည်) |
| ၃။ | မုံရွာ-ယာကြီး-ကလေးဝ-ကလေးရထားလမ်း | ၁၃၅မိုင် (ချင်းတွင်းမြစ်ကူးတံတားကြီး တစ်စင်းနှင့် တံတား ကြီး/ ငယ် ၆၇၅ စင်း ပါဝင်မည်) |
| ၄။ | တောင်ငူ-ယာသို-လွိုင်ကော်ရထားလမ်း | ၁၅၀မိုင် (၂၅ဘူတာ၊ တံတား ကြီး/ငယ် ၇၅၀စင်း ပါဝင်မည်) |

ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်စန်မြို့တို့တွင် ထပ်မံတည်ဆောက်မည်။ စက်ရုံအားလုံးပြီးစီးပါက စုစုပေါင်း ၁၁ရုံရှိမည်ဖြစ်ပြီး အဆိုပါစက်ရုံများမှ နှစ်စဉ်ကွန်ကရစ်ဇလီဖား စုစုပေါင်း ၂၂သိန်း ထုတ်လုပ်နိုင်မည်။

## မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ မကွေးတိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**ဩဂုတ် ၁၈ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

UK ၏ Highly Trusted College တစ်ခုဖြစ်သည့် City of Sunderland College ၏ အသိအမှတ်ပြု ကျောင်းခွဲဖြစ်သော Noble Nine Education က Diploma in Business (Marketing, Management, Administration) ဘာသာရပ်များကိုUK ရှိတက္ကသိုလ်ကောလိပ်များအားလုံးတွင် တစ်ပြေးညီ သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့ လက်တွေ့ ဟန်ချက်ညီစွာ နိုင်ငံတကာ သင်ကြားမှု ပုံစံသစ်ဖြစ်သည့် Activity, Task , Assignment တို့ဖြင့် စာမေးပွဲဖြေဆိုရန် လုံးဝမလိုအပ်သည့် သင်ကြားမှု ပုံစံဖြင့် စာတွေ့ခြောက်လနှင့် Workplacement သုံးလစုစုပေါင်း ကိုးလတက်ရောက်ပြီး UK ၏ National Qualifications Framework (NQF Level- 3) အဆင့်ကိုပြည်တွင်းမှာပင် တက်ရောက်ပြီး Diploma တိုက်ရိုက် ရရှိမည်ဖြစ်သည်။ Level-3 အဆင့်သည် နိုင်ငံတကာတွင် Manager, Administrator, Trainer, Secretary စသည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းတွင် Effective People, Communication and Information, Exploring Creative Product Promotion, Investigating Internet Marketing, Management Accounting, Human Resource Management, Legal Aspects of Administration, Internet and e-Business, Investigating Supply Chain Management , Business Ethics, Investigating International Business, Exploring Computer Applications for Financial Management , Investigating Supply Chain Management စသည့် Unit ၁၈ ခုဖြင့် သင်ကြားမည်ဖြစ်သည်။

ပြည်တွင်းတွင် နိုင်ငံတကာ သင်ကြားမှုအတွေ့အကြုံရှိဆရာများနှင့် ပြည်ပကျောင်းများမှ အတွေ့အကြုံရှိ Native ဆရာများက သင်ကြား ပို့ချမည်ဖြစ်ပြီး ကုန်ကျစရိတ်များစွာ သက်သာမည်ဖြစ်သည်။ Diploma ရရှိပြီးသူများအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်များတွင် Degree သင်တန်းများသို့ တိုက်ရိုက် တက်ရောက်နိုင်ပြီး ထပ်မံ၍ Australia တက္ကသိုလ်များ သို့မဟုတ် University of Sunderland ၏ စီးပွားရေးဆိုင်ရာ မဟာဘွဲ့ (MBA/MPA)သို့ တက်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ် စီစဉ်ထားပြီး သင်ကြားမှု ထိရောက်စေရန် တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေကို ၁၀ ဦးသာ ကန့်သတ်ထားကာ စက်တင်ဘာ ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အမှတ်စဉ်(၄)သင်တန်းအတွက် ၁၅ရာခိုင်နှုန်းလျှော့ လက်ခံမည်ဖြစ်ပြီး ယင်းသင်တန်း တက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်၊ ကောလိပ် တက်ရောက်နေသူများ၊ ဘွဲ့ရများ လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက Noble Nine Education အမှတ် (၇) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၀၂၉၆၆နှင့် ၀၁-၃၉၆၉၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဩဂုတ် ၁၇ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၂) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် တိုင်းကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘများအား ဆယ်ကျော်သက် ကျန်းမာရေး အသိပညာပေး ဟောပြောစဉ်။ (မြန်မာ့အလင်း)

# ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alongkorn Ponlaboot နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ၂နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ ကော့မှူးမြို့နယ် ကျုံလတာကျေးရွာ၌ကျင်းပ

ကော့မှူး ဩဂုတ် ၁၇

ကော့မှူးမြို့နယ် ကျုံလတာကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၉နာရီက ကျုံလတာကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံး၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသိမ်းဇော်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ကျေးရွာလူကြီးများတက်ရောက်ကြသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းဆွေးနွေး

အခမ်းအနားအပြီးတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# RINNAI အရောင်းပြခန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း ရွှေပြည်သာ၌ဖွင့်

ရန်ကုန် ဩဂုတ် ၁၇

ဂျပန်နိုင်ငံလုပ် Rinnai ထုတ်ကုန်များအတွက် Rinnai Sales & Service Station (RSS Station) ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၅/၈) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၁၀ ၌ ကျင်းပသည်။ **(အောက်ပုံ)**

## ဖွင့်လှစ်ထား

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း(အထက်) အမှတ် ၁၉၉ ၌ တည်ရှိသော Myanmar Kowa International Co.,Ltd. သည် ဂျပန်နိုင်ငံလုပ် Rinnai ထုတ်ကုန်များအနက် ဂက်(စ်) စားနှုန်း ၃၀ရာခိုင်နှုန်း သက်သာသည့် RB-3Si (S) (Built in Hob) နှင့် RV-5700 (Table Top) များ၊ ဆန်နို့ဆီဘူး အလုံး၂၀ ချက်နိုင်ပြီး လျှပ်စစ်ဓာတ်အားမလိုသည့် LPG ဂက်(စ်)သုံး ထမင်းပေါင်းအိုး (Gas Rice Cooker)၊ မီးသွေးနှင့်ကင်သကဲ့သို့ သဘာဝအတိုင်း အကင်အရသာပေးစွမ်းနိုင်သည့် Grill Tray ပါရှိသည့်အပြင် ချက်ပြုတ်မည့် ဟင်းလျာပေါ်မူတည်ကာ အပူချိန်ကို ချိန်ညှိပေးနိုင်သော လုံးဝ မီးမလောင်နိုင်သည့် Japan Gas Cooker များ၊ စတီးလက်စ် စတီးလ် Top Plate ဖြင့် တည်ဆောက်ထားပြီး Hight Quality Brass မီးထွက်ခေါင်းပါရှိသည့် Single Gas Cooker များ၊ စားသောက်ဆိုင်များနှင့် တစ်နေကုန် ချက်ပြုတ်လိုသူများအတွက် Commercial Gas Cooker များ၊ All Steel Cooker များ၊ Protable Gass Cooker များ၊ Cooker Hood များနှင့် Water Heater များကို တစ်ပြည်လုံးအတွက် တာဝန်ယူဖြန့်ဖြူးလျက်ရှိရာ ဝယ်ယူအားပေးလိုကြသူများသည် RSS Station များကို Station (1) အမှတ် A-3 အောင်ဆန်းကွင်းအရှေ့မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၅၅၄၃၊ Station (2) အမှတ် 205-A, မြေညီထပ်ယုဇနပလာဇာရှေ့ ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း-၂၉၄၉၉၆၊ Station(3) အမှတ်၁၃၉ မြေညီထပ် လမ်း ၈၀ ၂၇လမ်းနှင့်၂၈လမ်းကြား ရွှေနဂါးရပ်ရှင်ရုံရှေ့ မန္တလေး ဖုန်း-၀၉-၆၈၀၃၅၀၅၊ Station (4) အမှတ် ၃၁၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း (၅/၈) ရပ်ကွက် ရွှေပြည်သာမြို့နယ်တို့၌ ဖွင့်လှစ်ထားပြီး RSS Station ဖွင့်လှစ်လိုသူများသည် Myanmar Kowa International Co.,Ltd. အမှတ်၁၉၉၊ ၃၄ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၆၃၀၄၊ ၂၄၅၉၂၅၊ ၇၀၈၃၈၂ နှင့် စားသုံးသူ ဝန်ဆောင်မှု (Hot Line) ဖုန်း ၇၃၀-၀၇၇၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိကောင်းစရာများ သန်လျင်မြို့နယ်၌ ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး (သန်လျင်) တို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ရက်က ကျိုက်ဖောဓိမ္မောရုံ၌ ကျင်းပသည်။

## ဟောပြောဆွေးနွေး

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး (သန်လျင်)မှ ခရိုင်ဦးစီးမှူး ဦးစံပို **(အပေါ်ပုံ)**၊ တိုင်းရုံးခွဲ (ရွာသာကြီး)မှ စစ်ဆေးရေးမှူး-၃ ဦးမျိုးအောင်လင်း၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးချန်ထွန်းအောင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်မြင့်တို့က ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဝန်ထမ်း စုစုပေါင်း ၄၅၃ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့်စပ်လျဉ်း၍ ပရိဂျက်တာဖြင့် အသေးစိတ် ဟောပြောဆွေးနွေးခဲ့သည်။ **(၁၈၄)**

# မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကိုရီးယားမင်းသား မင်းသမီးနှင့် အဆိုတော်များကို ဖိတ်ခေါ်၍ တော်ဝင်စင်တာ ဖွင့်လှစ်မည်၊ ကြည့်မြင်တိုင် တစ်ဖက်ကမ်းတွင် ခေတ်မီသဘော်ကျင်းကြီး တည်ဆောက်ပြီးစီး၊ ကျပ်၁၀သိန်းဖြင့် ဂဏန်းခုနစ်လုံးပါ ကြိုးဖုန်းများ လျှောက်ထားနိုင်ပြီ၊ ရွှေတိဂုံစေတီတော်ကြီး၏ သိင်္ဂုတ္တရဉယျာဉ်တော်ကို နှစ်၂၀ကျော်အတွင်း ပထမဆုံး အကြီးစားပြင်ဆင်၊ ကြို့မဲ့ အင်တာနက်ဆက်သွယ်မှုဇုန်များ တိုးချဲ့သတ်မှတ်၊ လှိုင်အားကစားကွင်းသည် ရန်ကုန်မြို့၏ ကျက်သရေဆောင် အားကစားကွင်းဖြစ်လာမည်၊ မြွေဆိပ်ဖြေဆေးထုတ်ရန် မြွေပွေးနှင့် မြွေဟောက် အကောင်တစ်ထောင်ဝယ်ယူမည်၊ မျက်နှာပြင်နှစ်ဖက်စလုံးကို တို့ထိအသုံးပြုနိုင်မည့် ကမ္ဘာ့ပထမဆုံး Notebook မြန်မာပြည်ဈေးကွက်သို့ ရောက်မည်၊ အွန်လိုင်းမှ အဝေးပြေးလက်မှတ် ဝယ်ယူနိုင်သည့် ဝက်ဘ်ဆိုက်စတင်လွှင့်တင်၊ ဟိုတယ်ဇုန်တစ်ခုချင်းအလိုက် ဒေသဆိုင်ရာပွဲတော်များ ကျင်းပမည်၊ ရန်ကုန်မြို့တွင် အကြီးဆုံး LED တီဗွီကြီး ပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ တပ်ဆင်၊ ကမ္ဘာ့အစားအစာပွဲတော်တွင် မြန်မာ့အစားအစာများ အရောင်းရဆုံးစာရင်းဝင်၊ ဘူတန်နိုင်ငံက မြန်မာအထူးကုဆရာဝန်များအားကမ်းလှမ်း၊ Waka Waka သီချင်း ပြဿနာညှိနှိုင်းပြေလည်သွားပြီ၊ ရေအောက်မှ ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီခေါင်းလောင်းကြီးကို မြန်မာ့နည်းပညာဖြင့် နှစ်ပတ်အတွင်း ဆယ်ယူနိုင်မည်ဟုဆို၊ အဆိုတော်ဖြိုးကျော်ကျော်မြတ်နှင့် မျိုးစန္ဒီကျော်တို့ မကြာမီလက်ထပ်တော့မည်၊ သီရိလင်္ကာရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပြတိုက်၌ ရွှေတိဂုံစေတီတော်ပြခန်း ထားခွင့်ရ၊ ဟိုချီမင်း၏ ဘူမိနက်သန် ဗီယက်နမ်၊ အဆုတ်ထဲ၌ မြေပဲပင်ပေါက်လာ၊ သန္တာကျောက်တန်းများ များပြားလာစေရန် သံချပ်ကာကားများကို ရေထဲသို့ပစ်ချ၊ ဂျိမ်းစ်ဘွန်းရုပ်ရှင်မှ လက်နက်မျိုးတီထွင်သူ ထောင်၂၃နှစ်ကျ၊ H1N1 တုပ်ကွေးရောဂါသည် ကပ်ရောဂါ အဖြစ်မှ အဆုံးသတ်သွားပြီဖြစ်၊ ဆံပင်များကို စားလေ့ရှိသည့် မိန်းကလေး၏ ဗိုက်ထဲမှ နှစ်ပေါင်ကျော် ဆံခြည်ထွေးအလုံးကြီးကို ထုတ်ယူခဲ့ရ၊ အမျိုးသားတစ်ဦး၏ ဘောလုံးအရွယ်ရင်သားများကို ခွဲစိတ်ဖယ်ရှားလိုက်ပြီ၊ ပိုးသတ်ဆေးများမတိုးသည့် ပိုးတစ်မျိုး လျင်မြန်စွာပျံ့နှံ့နေ၊ သိမ်းမြစ်အောက်ခြေ၌ ပန်းကန်ပြားပျံတွေ့ဟုဆို၊ ရုရှားတောမီးက နျူကလီးယားစက်ရုံရှိရာမြို့သို့ ရောက်ရန် တစ်မိုင်သာလိုတော့၊ ကမ္ဘာအနှံ့ ကောင်းကင်၌ ဥက္ကာမှုန်များ အစုလိုက်အပြုံလိုက်ကျရောက်ခဲ့၊ ပိုးသားဖြင့် ပြုလုပ်ထားသည့် ကိုယ်ပျောက်ဝတ်ရုံတီထွင် စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံမီးသတ်သင်တန်းဖွင့်ပွဲ သာကေတမြို့နယ်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ်၁၄ရက် ညနေ၇နာရီက အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် မိုးမှာလေ့ကျင့်၊ ဆောင်းမှာသတိပေးစစ်ဆေး၊ နွေမှာအသင့်ရှိရေး မီးသတ်ဆောင်ပုဒ်များနှင့်အညီ လေ့ကျင့်ဆောင်ရွက်ရေးနှင့် သင်တန်းကို စဉ်ဆက်မပြတ်တက်ရောက်ကြရေး မှာကြားသည်။ **(အောက်ပုံ)**

## တက်ရောက်

သင်တန်းသို့ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ တက်ရောက်ကြသည်။ **(၁၁၆)**



စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဇူလိုင် ၁၁ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်လိုက်ပါလျက် နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်များ၊ မီးသတ်ရေငုတ်များ၊ ရေစုပ်စက်များ၊ မီးချိတ်မီးကပ်များနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးတင်အောင်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၁၂၃)



# စိုက်ပျိုးရေပေးဝေရန် တည်ဆောက်ပြုပြင်နေသည့် ပျော်ဘွယ်မြို့က ယင်းတော်ကန်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၁၇**

နေပြည်တော်လယ်ဝေးမှ ပျော်ဘွယ်အထိ ၇၇မိုင်ကွာဝေးသော်လည်း လမ်းကောင်းသဖြင့် အချိန်နှစ်နာရီခွဲခန့်သာ ကားမောင်းရသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သည့် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၂လက်မသာရွာသွန်းသော မိုးနည်းဒေသဖြစ်၏။ ယင်းအတွက် ဒေသခံများ သောက်သုံးရေနှင့် စိုက်ပျိုးရေများ အထူးလိုအပ်သော ဒေသဖြစ်သည်။

## ပြုပြင်ပြီးစီး

၂၀၁၀ခုနှစ် မေလလယ်က နေပြည်တော်နှင့် မိတ္ထီလာမြို့သို့ လုပ်ငန်းတာဝန်ဖြင့် ခရီးသွားခဲ့စဉ် ပျော်ဘွယ်မြို့ကို ဖြတ်သန်းရာ၌ ရှည်လျားမြင့်မားသော မြေသားတာပေါင်ကြီးများကို စက်ယန္တရားကြီးများဖြင့် မြေတူး၊ မြေသယ်၊ မြေဖို့၊ မြေညှိပြုလုပ်နေသည်ကို တွေ့ရှိရသည်။ ခေတ္တ ကားရပ်ပြီး စုံစမ်းမေးမြန်းရာ ခြင်းဖြစ်ရာ ကြီးမားကျယ်ပြန့်သော ရေကန်ကြီးဖြစ်ကြောင်း တွေ့ရသည်။

## ပြုပြင်ဆောင်ရွက်

နေပြည်တော်ပျဉ်းမနား ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ ယင်းတော် ကန်ထိန်းသိမ်းပြုပြင်ရေး တာဝန်ခံဦးစီး အရာရှိ ချင်းလူမျိုး ဦးတလန်ကြားက ချင်းသံဝဲဝဲဖြင့် ယင်းတော်ကန်ကြီး ပြုပြင်ထိန်းသိမ်းမှုကိုရှင်းပြရာ "ယင်းတော်ကန်သည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက တည်ဆောက်ခဲ့တာဖြစ်ပြီး ခေတ်အဆက်ဆက် ဒေသခံပြည်သူများရဲ့ လုပ်အားနဲ့ တူးဖို့ခဲ့တာ ဖြစ်ပါတယ်။ လူအားနဲ့ ပြုပြင် ဆည်ဖို့ခဲ့တာကြောင့် ခိုင်ခံ့မှုမရှိဘဲ နှစ်စဉ် မိုးရာသီတွင်ရေကြီးပြီး မကြာခဏ ကျိုးပေါက်ခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပါ ရေနစ်မြုပ်ခဲ့ရပြီး အရေးပေါ်ပြင်ဆင်တဲ့လုပ်ငန်းတွေသာ ဆောင်ရွက်ပေးခဲ့ရပါတယ်။ ယခုအခါမှာတော့ စနစ်တကျ အခိုင်အမာဖြစ်အောင် စက်ယန္တရားကြီးတွေနဲ့ ပြုပြင်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကန်ကျိုးပေါက်မှာ မစိုးရိမ်ရဘဲ ရေများလာရင် ရေပိုလွှဲကတစ်ဆင့် ရေထုတ်ပစ်နိုင်ခဲ့ပါတယ်"ဟု ရှင်းပြခဲ့သည်။



**"အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေးတို့အတွက် ဖြစ်ပါတယ်"။**

ဦးတလန်ကြား(ဦးစီးအရာရှိ)
ဆည်မြောင်းဦးစီးဌာန
(ထိန်းသိမ်းရေး)။





**လယ်မြေဧက ၂၄၀၀အတွက် စိုက်ပျိုးရေပေးဝေရန် ယင်းတော်ကန်တောင်ဘက်ရေပေးမြောင်းကို တွေ့ရစဉ်။**

## ကြီးမားကျယ်ပြန့်

ချင်းသံဝဲဝဲဖြင့် ဦးစီးအရာရှိ ဦးတလန်ကြားပြောသော စကားများ မှန်ကန်ပါသည်။ ရေကန်ကြီးနှင့်မတူဘဲ ဆည်တမံကြီးအလား ထင်ရလောက်အောင် ကြီးမားကျယ်ပြန့်လှပါသည်။ ရေထိန်းမျှော်စင်လည်းပါသည်။ ရေပိုလွှဲလည်းပါသည်။ ရေထုတ်ပြွန်၊ ရေပေးမြောင်း၊ ရေမှတ်တိုင်နှင့် ရေဆိုးထုတ်မြောင်းတို့ပါ စနစ်တကျ တည်ဆောက်ထား၍ ရေလှောင်တမံကြီးသဖွယ် ခိုင်ခံ့လှပနေသည်ကို မြင်တွေ့ရခြင်းဖြစ်သည်။ ဆင်ခြေလျှောတမံပေါင်ကြီး ဘေးတစ်လျှောက်တွင် မြေစာမြက်ပင်များ စိုက်ပျိုးကာ ရေသယ်ကားဖြင့် နေ့စဉ်ရေဖြန့်ဝေပေးလျက်ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။ ရေတံခါးဟောင်းများတွင် ၁၉၅၂ဟူသော စာတမ်းတွေ့ရှိရ၍ ပြန်လည်ပြုပြင်ထားသည်အထိ နှစ်ပေါင်း ၈၅ နှစ် ကျော်နေပြီဟု ခန့်မှန်းရသည်။ သတင်းအဖွဲ့ရောက်ရှိချိန် ကနဦးတူးဖော်မှုမှသည် ယနေ့ကာလတွင် မိုးရေအနည်းငယ်သာရှိနေသေးသည်ကို တွေ့မြင်ရသည်။ ဒေသခံတို့၏ အပြောအရ ပျော်ဘွယ် မိုးရွာသွန်းမှုသည် မရွာလျှင် တစ်လ၊ ရွာလျှင် တစ်ညဟု ဆိုကြသည်။ မိုးကောင်းရွာလျှင် တစ်ညတည်းနှင့်မိုးရေအများကြီး သိုလှောင်နိုင်သည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

## တည်ဆောက်ပေး

ယင်းတော်ကန်ကြီးကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာအနီး မဲတီးချောင်းပေါ်၌ တည်ဆောက်ထားသည်။ သိုလှောင်နိုင်သည့် ရေပမာဏ ၃၆၆၄ ဧကပေဖြစ်ပြီး ကန်ရေပြည့် ရေပြင်အကျယ်သည် ဧက ၈၄၀ ရှိသည်။ ရေထုတ်ပြွန်ခြောက်ခု တပ်ဆင်ထားပြီး လယ်မြေဧက၂၄၀၀အတွက် စိုက်ပျိုးရေပေးဝေကာ ဒေသခံများအတွက်လည်း သောက်သုံးရေပါ ပေးဝေမည်ဖြစ်သည်။ ကျောက်စီပန်းရံ အမျိုးအစား ခိုင်ခံ့သော ရေပိုလွှဲသုံးခုကို အကျယ် ၉၅ပေ၊ ပေ၄၀၊ ပေ၃၀ဖြင့် တည်ဆောက်ထားသည်။ ဇန်နဝါရီ ၂၈ ရက်က စတင်ပြုပြင်တည် ဆောက်ပြီး မေ၁၅ရက်တွင် လုပ်ငန်းအားလုံး ပြီးဆုံးရာ အချိန်သုံးလခွဲခန့်သာ ကြာမြင့်သည်။ ငွေကျပ် ၂၈၂ဒသမ ၁၄ သန်းဖြင့် နိုင်ငံတော် မှ အကုန်အကျခံ ပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

## ထိန်းသိမ်း

ဒေသခံပြည်သူများ သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေးတို့အတွက် နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ပြုပြင်တည်ဆောက်ပေးသော ယင်းတော်ကန်ကြီး နှစ်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယင်းတော်ကန်ကြီး ပြုပြင်နေကြောင်း သိရှိရ၍ သတင်းမှတ်တမ်း ဓာတ်ပုံရိုက်ယူကာ မြန်မာ့အလင်းသတင်းစာတွင် ရေးသား ဖော်ပြခဲ့ဖူးသည်။ အချိန်တိုအတွင်း ယင်းတော်ကန်ကြီး ပြုပြင်ပြီးစီးပြီကို ကြားသိရ၍ ထပ်မံသွားရောက်ခဲ့ခြင်းဖြစ်သည်။

## ရေကန်ကြီး

ယင်းတော်ကန်ကြီးကို နေပြည်တော်ပျဉ်းမနား ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က ပြုပြင်တည်ဆောက်ပေးခြင်းဖြစ်သည်။ ကန်ပေါင်အလျား ပေ၂၄၁၀၀ရှည်လျားပြီး အမြင့်ပေ ၂၀နှင့် ကန်ပေါင်ထိပ်ပြင်အကျယ် ၁၄ပေရှိပြီး မော်တော်ယာဉ်ပါ သွားလာနိုင်သည်ကို တွေ့ရသည်။ တာပေါင်အတွင်းတွင် ကျောက်စီပန်းရံဖြင့် တည်ဆောက်ထားသည်။ ပုံစံကျစေရန် ပြန်လည်ပြုပြင်ထား



**ယင်းတော်ကန်ပေါင်ပေါ်၌ စိုက်ပျိုးထားသော မြက်ပင်များကို ရေသယ် မော်တော်ယာဉ်ဖြင့် ရေဖျန်းပေးစဉ်။**



**ယင်းတော်ကန်၏ ရေဆိုးထုတ်မြောင်း၊ ရေပေးမြောင်းနှင့် ကန်ပေါင်တာတို့ကို တွေ့ရစဉ်။**

---

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း မြို့တော်ခန်းမရှေ့၌ အဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်မှုကို ဩဂုတ် ၂ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



---

# သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၁၇**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ခရိုင် ခရိုင်တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (နေပြည်တော်ခရိုင် အသင်းခွဲ)တို့ ပူးပေါင်း၍ ဩဂုတ် ၈ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာသို့ ကွင်းဆင်း၍ ဇီဝိတဒါနဆေးဝါးများ လှူဒါန်းကာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်ခဲ့သည်။ ထို့သို့ ကွင်းဆင်းဆေးကုသရာတွင် ခရိုင်တိုင်းရင်းဆေးမှူးနှင့် ဆရာဆရာမများက သက်ကြီးရွယ်အို ဘိုးဘွား ၃၆ဦးနှင့် ရွာသူရွာသား ၁၀၂ဦးတို့အား တိုင်းရင်းဆေးဖြင့် အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်တိုင်းရင်းဆေး)**



**ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၃)ရပ်ကွက်အတွင်း လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၆ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကြီးကြပ်လျက် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်နှင့်အဖွဲ့ ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

---

# စစ်တွေမြို့ လူငယ်သင်တန်းကျောင်း၌ ယာဉ်စည်းကမ်း အသိပညာပေး ဟောပြော

**စစ်တွေ ဩဂုတ် ၁၇**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(စစ်တွေ)က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက် ညနေ ၄နာရီက စစ်တွေမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်စိုး၊ သင်တန်းကြီးကြပ်သူများနှင့် ကျောင်းသားများ တက်ရောက်ကြသည်။

## ပေးအပ်လှူဒါန်း

ဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးထွန်းအေးလှိုင်က ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းဟောပြောပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသော လမ်းအသုံးပြုသူများလက်စွဲစာအုပ်နှင့် ယာဉ်တိုက်မှုကျဆင်းရေး စာအုပ်စာတမ်းများကို ပြည်နယ်ဦးစီးမှူးက ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



# စင်ကာပူလူငယ်အားကစားပွဲတော် ဆယ်ကျော်သက်များ ဆုတံဆိပ်ဆွတ်ခူး

စုစည်းရေးသားသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

စင်ကာပူ ဩဂုတ် ၁၇

စင်ကာပူ ၂၀၁၀လူငယ်အားကစားပွဲတော်ကို ဩဂုတ် ၁၇ရက်က စတုတ္ထမြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု လူငယ်အားကစားမောင်မယ်များ အကြိတ်အနယ်ဆင်နွှဲလျက်ရှိသည်။ အားကစားအလိုက် ဆုတံဆိပ်ရရှိခဲ့သော အားကစားမောင်မယ်များကိုဖော်ပြရပါလျှင်-



တန်ယန်(တရုတ်၊ ရွှေ)

စင်ကာပူ ၂၀၁၀လူငယ်အားကစားပွဲတော်၏ အမျိုးသား အလေးမပြိုင်ပွဲတွင် ၈၅ကီလိုတန်း၌ တရုတ်နိုင်ငံမှ အလေးမ အားကစားသမား တန်ယန်က ၁၀၅ကီလိုမပြီး တရုတ်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သည်။



အီလ်မန်မူကာရော့ဗ်(အဇာဘိုင်ဂျန်၊ ရွှေ)

အဇာဘိုင်ဂျန်မှ နပန်းအားကစားသမား အီလ်မန်မူကာရော့ဗ်က အဇာဘိုင်ဂျန်အတွက် ပထမဆုံးရွှေတံဆိပ် ဆွတ်ခူးပေးခဲ့သည်။ အီလ်မန်မူကာရော့ဗ် (အလယ်) သည် ၄၂ကီလိုတန်း နပန်းပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



ကိတ်လန်ဂျုန်း(အမေရိကန်၊ ရွှေ)

အမေရိကန် ဆယ်ကျော်သက် ရေကူးမယ်ဖြစ်သည်။ ကိတ်လန်ဂျုန်း**(လယ်)**သည် အမျိုးသမီးမီတာ ၂၀၀ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ရုရှားရေကူးမယ် ခရစ္စတီးနားကိုချီကိုဗာ(ဝဲ)က ငွေတံဆိပ်နှင့် ချက်သမ္မတနိုင်ငံမှ ဇာဗာဒိုဗာ **(ယာ)**က ကြေးတံဆိပ်ရရှိခဲ့ကြသည်။



တရုတ်လက်ဆင့်ကမ်းအဖွဲ့(ရွှေ)

တရုတ်နိုင်ငံမှ လေးယောက်တွဲ လက်ဆင့်ကမ်း အပြေးအားကစားအဖွဲ့ဖြစ်သည်။ တန်ယီ **(ဝဲစွန်)**၊ ဆန်ဘိုဝေ **(ဝဲ-ဒု)**၊ ဟီဂျန်ဘင် **(ဝဲ-တ)**နှင့် လူလန်း**(ဝဲစွန်)**တို့ဖြစ်ပြီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သည်။



တက်ကမ်သွန်(ဗီယက်နမ်၊ ရွှေ)

ဗီယက်နမ်နိုင်ငံကိုယ်စားပြု ဆယ်ကျော်သက် အလေးမကစားသမားဖြစ်သည်။ အမျိုးသား ၅၆ကီလိုအလေးမပြိုင်ပွဲ၌ ကီလို ၁၄၀မပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သူဖြစ်သည်။ အသက် ၁၇နှစ်အရွယ်ရှိပြီး ၂၀၀၉ခုနှစ်က ဒေသတွင်း အလေးမပြိုင်ပွဲများ၌ ရွှေတံဆိပ်များ ဆွတ်ခူးခဲ့သူဖြစ်သည်။



နီကိုလပ်စ်အက်ချာဘာ(ဩစတြေးလျ၊ ရွှေ)

ဩစတြေးလျ ရေကူးကစားသမားဖြစ်သည်။ အသက် ၁၈နှစ်ဖြစ်ပြီး အမျိုးသား မီတာ ၁၀၀ ရေကူးပြိုင်ပွဲ၌ နီကိုလပ်စ်အက်ချာဘာ အောင်ပွဲခံနိုင်ခဲ့ကာ ရွှေတံဆိပ်ရရှိခဲ့သည်။ စံချိန်မှာ ၁မိနစ် ၁ဒသမ ၀ စက္ကန့်ဖြစ်ပြီး ဩစတြေးလျအတွက် ပထမဆုံး ရွှေတံဆိပ်ပင်ဖြစ်သည်။ **(အင်တာနက်)**

# မန်ယူတို့ရဲ့ ဖွင့်ဟသံ

အာကာဟိန်း - ရေးသားသည်

လန်ဒန် ဩဂုတ် ၁၇

ပရီမီယာလိဂ်ပွဲစဉ်များ စတင်ယှဉ်ပြိုင်နေပြီဖြစ်သည်။ ဩဂုတ် ၁၇ရက်က မန်ယူနှင့် နယူးကာဆယ်တို့ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိပြီး သုံးမှတ်ရယူကာ ယခုနှစ်ဘောလုံးရာသီ၌ တာထွက်ကောင်းခဲ့ပြီဖြစ်သည်။



**''ဒီနှစ်အောင်မြင်မှုတွေရရှိမယ်။''** (ဖာဂူဆန်)

မန်ယူအသင်း၌ ပွဲထွက်ကစားသမားစာရင်းတွင် ရွန်နေ၊ ဘာဘာတော့ဗ်တို့ကို ဗလင်စီယာနှင့်တွဲကာ တိုက်စစ်တည်ဆောက်ခဲ့သည်။ နယူးကာဆယ်ကလည်း စမစ်၊ ကာရီး၊ ဂူတီရက်စ်နှင့် နိုလန်တို့ကို အဓိကထားပွဲထုတ်ပြီး မန်ယူကို ရင်ဆိုင်ခဲ့သည်။

မန်ယူတို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အပြည့်အဝအသုံးမချနိုင်ခဲ့သဖြင့် သုံးဂိုးဖြင့်သာကျေနပ်ခဲ့ရသည်။ မန်ယူအတွက်ဂိုးများကို ၃၃မိနစ်၌ ဘာဘာတော့ဗ်၊ ၄၁မိနစ်၌ ဖလက်ချာနှင့် ၈၅မိနစ်၌ ဂစ်တို့ကသွင်းယူပေးခဲ့သဖြင့် မန်ယူတို့ သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။



**''ဖလားတွေ ရယူဖို့ အတွက်ပါပဲ။''** (ရိုင်ယန်ဂစ်)

မန်ယူတို့ ပွဲဦးထွက်နိုင်ပွဲရရှိခဲ့မှုနှင့်ပတ်သက်ပြီး မန်ယူနည်းပြ ဖာဂူဆန်က ''အဖွင့်ပွဲစဉ်မှာ ပြတ်ပြတ်သားသားနိုင်ပွဲရရှိခဲ့တာဟာ ဝမ်းမြောက်စရာပါပဲ။ ဒီနှစ်ဘောလုံးရာသီမှာ ကစားသမားတွေပွဲထွက်များများရအောင် အလှည့်ကျထုတ်သုံးပေးသွားမှာပါ။ အခုဆိုရင် နေရာလိုက်အတွက် စွမ်းအားပြည့် အရန်ကစားသမားတွေ အစားထိုးဖို့ အသင့်ရှိနေပါပြီ။ မန်ယူဟာ ဒီနှစ်အောင်မြင်မှုတွေရရှိမယ်ဆိုတာ ယုံကြည်နေပါတယ်''ဟု ပွဲအပြီးတွင် ပြောကြားသွားသည်။



**''ဂိုးများများသွင်းယူနိုင်မှာပါ။''** (ဖလက်ချာ)

ထို့အတူ ပွဲချိန် ၄၁မိနစ်၌ ဒုတိယဂိုးသွင်းယူခဲ့သူ မန်ယူကွင်းလယ်ကစားသမား ဖလက်ချာကလည်း ''အဖွင့်ပွဲစဉ်မှာ ပါဝင်ကစားခွင့်ရတာကြောင့် ဂိုးသွင်းနိုင်ခဲ့တာပါ။ ဒီနှစ်ဘောလုံးရာသီမှာ အခုလိုဂိုးစတင်သွင်းနိုင်ခဲ့လို့ ခြေစွမ်းပြနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ပွဲကစားခွင့် များများပေးခဲ့ရင်တော့ ဂိုးများများသွင်းယူနိုင်မှာပါ'' ဟု ဖလက်ချာက ပြောကြားခဲ့သည်။

ထို့အတူ ပွဲချိန် ၈၅မိနစ်၌ မန်ယူအတွက် တတိယဂိုးသွင်းယူခဲ့သူ ဂစ်ကလည်း ''မန်ယူအတွက် ကျွန်တော်ရှင်သန်နေဆဲပါ။ ဒီနှစ်ဘောလုံးရာသီမှာ မန်ယူအတွက် ဂိုးတွေ စံချိန်တင်သွင်းပေးနိုင်မယ်လို့ မျှော်လင့်ထားတာ အခုစတင်ပြီး အကောင်အထည်ဖော်နေပါပြီ။ ကျွန်တော်အပါအဝင် ကစားဖော်တွေရဲ့ မျှော်လင့်ချက်က ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားရယူဖို့ အတွက်ပါပဲ''ဟု ပွဲအပြီးတွင် မန်ယူတောင်ပံတိုက်စစ်မှူးဂစ်က ပြောကြားသွားပါကြောင်း။ ။

**(အင်တာနက်)**

# မစ်ဒယ်ဘရော့ ဂိုးသမားဂျုံးစ် လီဗာပူးခေါ်ယူစာချုပ်



**လန်ဒန် ဩဂုတ် ၁၇**

မစ်ဒယ်ဘရော့ဂိုးသမား ဘရက်ဂျုံးစ်အား လီဗာပူးက ပြောင်းရွှေ့ကြေးပေါင် ၂ဒသမ ၃သန်းဖြင့် ခေါ်ယူစာချုပ်လိုက်သည်။

အသက် ၂၈နှစ်ရှိ ဂျုံးစ်သည် လီဗာပူးဂိုးသမား ရေးနား၏ အရန်ဂိုးသမားအဖြစ် ကစားရမည်ဖြစ်သည်။ ၄င်းသည် ဩစတြေးလျဂိုးသမားဖြစ်ပြီး မစ်ဒယ်ဘရော့အသင်းတွင် ၇၅ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။

**(အင်တာနက်)**



# ဘရာဇီးလူငယ်ကစားသမား နေမာအား ချယ်လ်ဆီး ပေါင်၂၄သန်းပေး ကမ်းလှမ်း

**လန်ဒန် ဩဂုတ် ၁၇**

ဘရာဇီးကလပ် ဆန်တိုစ့်မှ လူငယ်ကစားသမား နေမာအား ခေါ်ယူရေး ချယ်လ်ဆီးက ယခုသီတင်းပတ်အတွင်း ဆုံးဖြတ်ချက် ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၁၈နှစ်သာရှိသေးသည့် နေမာအား ချယ်လ်ဆီးက ပေါင် ၂၄သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။ သို့သော် ဆန်တို့စ်က ၄င်းအား ပေါင် ၂၉ ဒသမ ၆ သန်းအထိပေးရန် တောင်းဆိုနေသည်။ နေမာသည် ဆန်တို့စ်ကလပ်တွင် ကစားနေသည့်အပြင် ဘရာဇီးအသင်းအတွက်ပါ ကစားနေပြီဖြစ်သည်။ **(အင်တာနက်)**

❖ အာကာကျော် - ရေးသားသည် ❖

# မာရှေယာနို အသင်းမှထွက်ခွာနိုင် နည်းပြရှိုင်းဟော့ဆန်ပြောကြား

**လန်ဒန် ဩဂုတ် ၁၇**

လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုအား အသင်းတွင် ဆက်လက်ထားလိုသော်လည်း ထိုက်တန်သည့် ပြောင်းရွှေ့ကြေးရလျှင် အသင်းမှထွက်ခွာနိုင်ကြောင်း နည်းပြရှိုင်းဟော့ဆန်က ပြောကြားလိုက်သည်။

မာရှေယာနိုအား အင်တာမီလန်အသင်းနည်းပြ ဘင်နီတက်ဇ်က ၄င်း၏ ကစားသမားဟောင်းဖြစ်၍ ဆက်သွယ်ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ကလည်း အဆက်အသွယ်ပြုလုပ်ထားရာ ကွင်းလယ် ကစားသမား မာရှေယာနိုကလည်း လီဗာပူးမှ ထွက်ခွာရန် ဆန္ဒပြင်းပြနေသည်။ **(အင်တာနက်)**



# အက်စ်တွန်ဗီလာ ကစားသမားမီလ်နာ မန်စီးတီးသို့ ပြောင်းရန်နီးစပ်

**လန်ဒန် ဩဂုတ် ၁၇**

အက်စ်တွန်ဗီလာ ကစားသမား ဂျိမ်းစ်မီလ်နာသည် အက်စ်တွန်ဗီလာမှ မန်စီးတီးသို့ ပြောင်းရွှေ့ရန် ၄၈နာရီအတွင်း ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း အက်စ်တွန်ဗီလာက ပြောကြားသည်။

အက်စ်တွန်ဗီလာအသင်းအနေဖြင့် မီလ်နာအား အသင်း၏ အဓိက အားထားရသော ကစားသမားဖြစ်သည့်အတွက် မန်စီးတီး၏ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့သော်လည်း ငွေကြေးလိုအပ်ချက်အရ ရောင်းချရန်အသင့်ဖြစ်နေကြောင်း အက်စ်တွန်ဗီလာအသင်း တာဝန်ရှိသူများက ပြောကြားသည်။ မီလ်နာသည် ပရီမီယာလိဂ်အဖွင့်ပွဲတွင် ဝက်စ်ဟမ်းအသင်းကို အက်စ်တွန်ဗီလာအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့ရာတွင် အဓိကခြေစွမ်းပြကစားပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

18-8 (12).pmd 1 8/18/2010, 2:26 AM

# သမိုင်းဝင်သုတ — မိုက်ခရိုနီးရှားကျွန်းစုနိုင်ငံဆိုသည်မှာ....

တိုး ရေးသားသည်

မိုက်ခရိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ဒေသတွင် တည်ရှိသည်။ ကျွန်းပေါင်း၆၀၀ ပါဝင်ဖွဲ့စည်းထားပြီး ကော့စရေး၊ ပွန်ပေ၊ ချူး(ထရပ်)နှင့် ယက်ဟူ၍ ပြည်နယ်လေးပြည်နယ်ရှိသည်။ ဤကျွန်းစု နိုင်ငံအနေဖြင့် စုစုပေါင်းမြေသားအကျယ်အဝန်း အနည်းငယ်သာရှိသည်။

### အထူးထပ်ဆုံး

ပြင်သစ်နိုင်ငံထက် ငါးဆကျယ်သည့် သမုဒ္ဒရာရေပြင်တွင် ဤနိုင်ငံသည် ကျွန်းကလေးများဖြင့် ပြန့်ကျဲ လျက်ရှိသည်။ ပြည်နယ်လေးခုတွင် ချူး(ထရပ်)ပြည်နယ်မှာ အကြီးဆုံးပြည်နယ်ဖြစ်သည့်ပြင် လူဦးရေလည်း အထူထပ်ဆုံးဖြစ်သည်။

### သာသနာပြုလုပ်ငန်း

မိုက်ခရိုနီးရှားကျွန်းစုကို စပိန်နယ်သစ်ရှာဖွေသူများက ၁၅၀၀ပြည့်နှစ်တွင် တွေ့ရှိသည်။ ၁၉ရာစုအလယ်ခန့်တွင် သာသနာပြုလုပ်ငန်းနှင့် အုန်းသီးအရောင်းအဝယ်စလုပ်သည်။ ၁၈၉၈ခုနှစ်တွင် မိုက်ခရိုနီးရှားနှင့် ပလောကျွန်းစုများပါဝင်သည့် ကာရိုးလင်းကျွန်းစုများမှာ ဂျာမနီကိုလိုနီများဖြစ်လာသည်။

၁၉၁၄ခုနှစ်တွင် မိုက်ခရိုနီးရှားကို ဂျပန်ကသိမ်းသည်။ ၁၉၃၉-၁၉၄၅ခု ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ် စစ်မြေပြင်ကြီး ဖြစ်ခဲ့ရသည်။ ၁၉၄၇ခုနှစ်တွင် ကုလသမဂ္ဂ၏ခွင့်ပြုချက်ဖြင့် အမေရိကန်က အုပ်ချုပ်သည်။

### အတည်ပြု

၁၉၆၀ပြည့်လွန်နှစ်တွင် မိုက်ခရိုနီးရှားနှင့်အမေရိကန်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စကို စတင်ဆွေးနွေးသည်။ ၁၉၇၉ခုနှစ်တွင် ပြည်နယ်လေးခုပါဝင်သည့် မိုက်ခရိုနီးရှားနိုင်ငံထူထောင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည်။ ၁၉၈၆ခုနှစ်တွင် အမေရိကန်နှင့် လွတ်လပ်စွာ ဆက်ဆံပေါင်းသင်းရေးစာချုပ် လက်မှတ်ထိုးသည်။ အမေရိကန်က စီးပွားရေးအကူအညီပေးပြီး ကာကွယ်ရေးကို တာဝန်ယူသည်။ အမေရိကန်စစ်စခန်းဖွင့်ခွင့် ရရှိသည်။ ၁၉၉၁ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။

### ခွဲတမ်းချ

လူဦးရေမှာ တစ်သိန်းကျော်သာရှိသည်။ အမေရိကန်၊ ဂျပန်နှင့် အခြားနိုင်ငံများ၏ ထောက်ပံ့ရေးအကူအညီများ အလုံးအရင်းရနေသည့်ကြားမှပင် အလုပ်လက်မဲ့များပြား




လျက်ရှိသည်။ သည်အထဲ ဖိလစ်ပိုင်ပြောင်းရွှေ့ အလုပ်သမားဦးရေ ပိုမိုများပြားလာသေးသည်။ ပြည်သူအများစုမှာ လျှပ်စစ်မီးမရှိ၊ သောက်ရေသန့်သန့် ရရှိရေးသည်ပင်လျှင် အခက်တွေ့နေပြီး တစ်ခါတစ်ရံတွင် ခွဲတမ်းချရသည်။

### ကြေညာ

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဤကျွန်းစုနိုင်ငံလေးအဖို့ တိုင်ဖုန်းမုန်တိုင်းရန်ကလည်း မသေးလှပေ။ ၂၀၀၂ ခုနှစ် ဇူလိုင်လ မုန်တိုင်းကြောင့် ချူးပြည်နယ်၌ အသေအပျောက်များ ကြုံခဲ့ရသည်။ ၂၀၀၄ ခုနှစ် ဧပြီလ မုန်တိုင်းကြောင့် ထိုပြည်နယ်၏ အခြေခံအဆောက်အအုံများ ဆိုးရွားစွာပျက်စီးသွားသဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသေးသည်။ မိမိတို့နိုင်ငံမှာ မကြာခဏဆိုသလို ပြင်းထန်သည့် တိုင်ဖုန်းမုန်တိုင်းဒဏ်ခံရကြောင်း၊ ရာသီဥတုပြောင်းလဲမှု ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဤနိုင်ငံသမ္မတ မစ္စတာယူဂူဆီမယ်က ၂၀၀၃ခုနှစ်တွင် ပြောကြားသည်။

### ဆောင်ရွက်နိုင်

သမ္မတ အင်မယ်ညူယယ်မန်နီမိုရီကို ၂၀၀၇ခုနှစ် မေလတွင် ဤနိုင်ငံ၏ သတ္တမမြောက် သမ္မတအဖြစ် ကွန်ဂရက်က ရွေးချယ်တင်မြှောက်ခဲ့သည်။ သူသည် မျိုးရိုးအားဖြင့် ဂျပန်အနွယ်ဖြစ်သည်။ ဘဏ်လုပ်ငန်းတွင် ကျွမ်းကျင်သူဖြစ်သည့်အားလျော်စွာ နိုင်ငံခြားအကူအညီအပေါ် မှီခိုနေရမှုမှ လွတ်ကင်းရန် ဆောင်ရွက်နိုင်စွမ်းရှိသူလည်းဖြစ်သည်။

### ဖြေရှင်းပေးနိုင်

ဤနိုင်ငံ၏ကျွန်းများတွင် ပကတိအေးချမ်းပြီး ရှုမောဖွယ် ပင်လယ်ကမ်းသောင်ယံ အများအပြားရှိနေခြင်းက ခရီးသွားလုပ်ငန်းအတွက် သဘာဝကပေးထားသော အားတက်ဖွယ် အားသာချက်များအဖြစ် တွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်မှုချောမွေ့အောင် ဖန်တီးပေးလိုက်ပါက ခရီးသွားလုပ်ငန်းတစ်ခုတည်းကပင် လက်ရှိကြုံတွေ့နေရသော ပြဿနာအပေါင်းကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။ ။

(အင်တာနက်)

**ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဤကျွန်းစုနိုင်ငံလေးအဖို့ တိုင်ဖုန်းမုန်တိုင်းရန်ကလည်း မသေးလှပေ။ ၂၀၀၂ ခုနှစ် ဇူလိုင်လ မုန်တိုင်းကြောင့် ချူးပြည်နယ်၌ အသေအပျောက်များ ကြုံခဲ့ရ။ ၂၀၀၄ ခုနှစ် ဧပြီလမုန်တိုင်းကြောင့် ထိုပြည်နယ်၏ အခြေခံ အဆောက်အအုံများ ဆိုးရွားစွာပျက်စီးသွားသဖြင့် အရေးပေါ် အခြေအနေ ကြေညာခဲ့ရ။**

---

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### လူဦးရေအများဆုံး စုပေါင်းရေကူးမှု

ပီရူးနိုင်ငံ ပါဒိုဗင်တိုမြို့တွင် မကြာသေးမီက အမျိုးသား အမျိုးသမီး ဦးရေ စုစုပေါင်း ၅၀၂၈ဦးတို့ တစုတစည်းတည်း ရေကူးခဲ့ကြရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး စုပေါင်းရေကူးခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)



မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြ၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

### ကမ္ဘာ့အရှည်ဆုံး နို့ခဲဂျုံရောကြိုး

အီတလီနိုင်ငံတောင်ပိုင်း အေဗီလီနိုမြို့တွင် အမျိုးသားတစ်ဦးက နို့ခဲများကို ဂျုံနှင့်ရောစပ်ကာ သုံးပင်လိမ် ကြိုးတစ်ချောင်းပြုလုပ်ခဲ့ရာ အရှည်ပေ ၄၅၀ရှိသဖြင့် ကမ္ဘာပေါ်တွင် နို့ခဲနှင့်ဂျုံရောစပ်ပြုလုပ်ထားသော ကြိုးများအနက် အရှည်ဆုံးကြိုးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)






### တင်းနစ်ဘောလုံးကို အချိန်အကြာဆုံး ထိန်းသိမ်းကစားနိုင်သူ

အီရန်နိုင်ငံ တီဟီရန်မြို့သား မက်ဒီဟိုဘီဒါဗစ် အမည်ရှိ ၂၈နှစ်အရွယ် အမျိုးသားတစ်ဦးက တင်းနစ်ဘောလုံးကို ခြေဖြင့်တော့၍ ထိန်းသိမ်းကာ အချိန် ၅နာရီ ၂၈မိနစ် ၅၉စက္ကန့်ကြာအောင် ကစားနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် တင်းနစ်ဘောလုံးကို အချိန်အကြာဆုံး တော့ထိန်းကစားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)

# ချမ်းအေးသာစံမြို့နယ်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ဩဂုတ်၁၂ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ယာဉ်ပုံရပ်ကွက်၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေတွင်းရေကန်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့မှတစ်ဆင့် မန္တလေးတောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မန္တလေးတောင်နှင့်အနီးတစ်ဝိုက်၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ ရှင်သန်ဖြစ်ထွန်းမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ရောက်ရှိပြီး ခြံတာဝန်ခံများက သရက်ပင်များစိုက်ပျိုးထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ မြို့တော်ဝန်က ပျိုးခြံများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပန်းအလှပင်များ စိုက်ပျိုး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စမ်းမာလာဉယျာဉ်ဝင်းအတွင်း ကျောက်တိုင်ရှေ့အနီးတစ်ဝိုက် ပန်းအလှပင်များစိုက်ပျိုးနေမှုကို ဇူလိုင် ၂၃ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



# ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့် သင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့်သည် ဩဂုတ်၂ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေ သင်တန်းအမှတ်စဉ် (၈/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တ ၁၆ပတ်ကြာဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဦးစီးဌာနမှ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများ (ကျိုင်းတုံ၊လွယ်မွေ)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကျိုင်းတုံ)တို့သို့ ဩဂုတ် ၂ရက်မှ ၅ရက်အထိ သွားရောက်ခဲ့ပြီး ကျောင်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်တိုးတက်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လေ့ကျင့်စီမံဆောင်ရွက်ထားရှိမှု၊ အိပ်ဆောင်ခင်းကျင်းမှု၊ စားရိပ်သာ ချက်ပြုတ်ကျွေးမွေးမှု၊ရာသီသီးနှံစိုက်ခင်းနှင့် နှစ်ရှည်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ငါးသိုင်းချောင်းအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၇

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဩဂုတ် ၂၅ရက် (ဝါခေါင်လပြည့်နေ့) နံနက် ၉နာရီတွင် ဦးဘိုးမောင်ကျောင်းတိုက် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားအနီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ ငါးသိုင်းချောင်း နယ်သူ နယ်သားများနှင့် အလှူရှင်များ တက်ရောက် လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ဖုန်း-၅၂၃၁၃၅၊ ၃၈၁၉၄၇၊ ၅၄၃၂၈၅နှင့် ၅၁၈၃၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၁၂

ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ရက် ညနေ ၃နာရီက ပြင်ဦးလွင်ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝင့်နှင့် ဝန်ထမ်းများ၊ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြား၍(**အောက်ပုံ**) ဖွင့်လှစ်ပေးပြီးနောက် ပထမနေ့ပွဲစဉ်အဖြစ် ရပ်ကွက်ကြီး(၃) အသင်းနှင့် ရပ်ကွက်ကြီး(၂၁) အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

(ခရိုင် ပြန်/ဆက်)





## မြို့နယ်သတင်းထွေတလာ

# ဟိုပန်မြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ဟိုပန် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများ စုပေါင်း၍ ဇူလိုင် ၃၁ရက် နံနက် ၈နာရီမှစတင်ကာ မိန်းပန်းလွယ်၊ ပန်လုံလမ်းနှင့် ဈေးရပ်ကွက်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးဆိုင်များ၊ အသင်းအဖွဲ့ရုံးနှင့် လူနေအိမ်ပတ်ဝန်းကျင်ရှိ ချုံနွယ်၊ အမှိုက်များ သန့်ရှင်းဖယ်ရှားခြင်း၊ နမ့်ဆောင်ချောင်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းရှင်းလင်းခြင်း ဆောင်ရွက်ကြသည်။

**ဖုံး၊ သွန်၊ လဲ၊ စစ်**

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန် ဒေါက်တာဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့် ဦးဆောင်လျက် မိန်းပန်းလွယ်ရပ်ကွက်နှင့် ပန်လုံလမ်းရပ်ကွက်ရှိ လူနေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်မပေါက်ပွားနိုင်ရန် ခြင်ဆေးဖျန်းခြင်းနှင့် ရေတွင်း၊ ရေအိုင်၊ ရေလှောင်ကန်တို့၌ အဘိတ်ဆေးမှုန့်ဖြူးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကျန်းမာရေးပညာပေး ဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်း စာမဟာခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး (**အောက်ပုံ**) မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ရောဂါကာကွယ်ရေးအတွက် စုပေါင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)





## သင့်သွေးဖြင့် အသက်ကယ်ပါ

# မေတ္တာနှင့်စေတနာ သွေးလှူရှင်များအဖွဲ့ အစည်းအဝေးကျင်းပ

တောင်ငူ ဩဂုတ် ၁၆

**တောင်ငူမြို့ မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်း၊ မေတ္တာနှင့်စေတနာ သွေးအလှူရှင်များအဖွဲ့၏ သုံးလပတ်ပုံမှန်အစည်းအဝေးကို ဩဂုတ် ၉ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံးခန်းမဆောင်၌ ကျင်းပရာ နာယကများ၊ အလုပ်အမှုဆောင်များနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နာယက ဦးကျော်လှ(သမာဓိ)နှင့် စီမံရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)တို့က အမှာစကားပြောကြားကြသည်။**

**ဆွေးနွေး**

အခမ်းအနားတွင် သွေးလှူရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ဌွေး(မိဘမေတ္တာ-ဆန်ပွဲရုံ)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ အတွင်းရေးမှူး ဦးကျော်ဆန်းအောင်(လှိုင်မိတ္တူ)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြ အတည်ပြုချက်ရယူပြီး အဖွဲ့နာယက ဦးကိုကြီး၊ ဦးသိန်းလှိုင်၊ ဦးညွန့်လှိုင်(မြတ်ရွှေစင်ရွှေဆိုင်)၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)၊ ဒေါ်ကျင်မေ(ရွှေစင်မေစတိုး)၊ ဆရာမကြီး ဒေါ်ငွေဖြူတို့က ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ သွေးလှူရှင်များအဖွဲ့ နာယက ဦးတင်မောင်ဝင်း-ဒေါ်ယဉ်လတ်(ရွှေဆိုင်) မိသားစုက အလှူငွေကျပ် ၁၁၂၀၀၀၀ ၊ အဖွဲ့ဝင် ဆရာမကြီး ဒေါ်ငွေဖြူက ငွေကျပ်တစ်သိန်း၊ ဒေါ်ကျင်မေ(ရွှေစင်မေစတိုး)က ငွေကျပ်ငါးသောင်းနှင့် ဒေါ်ကေသီ(ခိုင်ရွှေဝါ ဝါးတူစက်ရုံ)မိသားစုက ငွေကျပ်နှစ်သောင်းလေးထောင်ကို သွေးလှူရှင်များအဖွဲ့သို့ လှူဒါန်းခဲ့ကြသည်။

**လှူဒါန်း**

အဖွဲ့တည်ထောင်ခဲ့သည်မှ ၂၀၁၀ ခုနှစ် ဇူလိုင်လကုန်အထိ တောင်ငူမြို့ တိုင်းပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးခန်းသုံးခန်းတို့၌ တက်ရောက်ဆေးကုသမှုခံယူခဲ့ကြသည့် အရေးပေါ်လူနာများအတွက် လိုအပ်သည့် သွေးပုလင်းပေါင်း ၁၁၄၇၈ ပုလင်းနှင့် အောက်ဆီဂျင်(အသက်ရှူဆေး) ၆၈၄ဘူးကို အခမဲ့ လှူဒါန်းခဲ့ပြီးဖြစ်သည်။

(ဝ၅၂)

## ကျေးလက်လမ်းပြုပြင်

**ဩဂုတ် ၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်သောအဖွဲ့ သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သံဖြူဇရပ်-ကော့လေး-အနင်းသပြေချောင်း ကျေးလက်လမ်းပိုင်း ရာသီမရွေး အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



## အကြိမ်(၇၀) သွေးလှူဒါန်း



ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာဘာသာဌာန ကထိက ဒေါက်တာမောင်မောင်ခင် လူမှုထူးချွန် (ဒုတိယဆင့်) (**အပေါ်ပုံ**)သည် ဇူလိုင် ၇ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် အကြိမ်(၇၀)ပြည့် သွေးလှူဒါန်းကြောင်း သိရသည်။

(**သွေးလှူဘဏ်**)

## သတ္တမအကြိမ် စုပေါင်း သွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၇

သိမ်ကြီးဈေး(စီရုံ) အဆောင်(၄)ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း (ပင်မ)ကဦးစီး၍ စုပေါင်းသွေးလှူဒါန်းခဲ့ရာ ဆဋ္ဌမအကြိမ်အထိ သွေးအိတ်ပေါင်း ၆၁၈အိတ် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

**လှူဒါန်းနိုင်**

ယခုသတ္တမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၁ရက် နံနက် ၉နာရီတွင် အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပြီး သွေးလှူဒါန်းလိုသူများသည် ဓမ္မရောင်ခြည်(ပင်မ) ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၅၀-၁၅၄၄၆နှင့် ၀၉-၈၀-၃၀၁၃၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(**မြန်မာ့အလင်း**)

## သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

မြန်မာ့အလင်းသတင်းစာဖတ် ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

**မြန်မာ့အလင်းသတင်းစာတိုက်**
**ဖုန်းအမှတ်-၀၁-၅၄၄၃၁၇၊**
**၀၁-၅၄၄၃၁၅ တို့သို့ ဆက်သွယ်နိုင်ပါသည်။**


## ဆန်စက်ရောင်းချရန်လေလံကြော်ငြာ

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် သမဝါယမအသင်းစုပိုင် (၀၉၂)မော်လူး ဆန်စက်ကို (မြေမပါ) မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| **ရောင်းချမည့်ပစ္စည်း** | - | ကောနစ်ဘွိုင်လာ(စကော့တလန်) |
| | - | လင်ကွန်းအင်ဂျင်(အင်္ဂလန်) |
| | - | ကြိတ်ခုံ+မေပိုင်းဆိုင်ရာ(အင်္ဂလန်) |
| | - | အဆောက်အအုံ |
| **အဆိုပြုလွှာပိတ်မည့်ရက်** | - | ၂-၉-၂၀၁၀ ရက် (ရုံးချိန်အတွင်း) |
| **ရောင်းချမည့်နေ့ရက်** | - | ၅-၉-၂၀၁၀ ရက် (တနင်္ဂနွေနေ့) |
| **ရောင်းချမည့်အချိန်** | - | နံနက် ၁၀ နာရီ |
| **ရောင်းချမည့်နေရာ** | - | စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ ၀၉၂ -မော်လူးဆန်စက် မော်လူးကျေးရွာ။ |

လေလံဆွဲဝယ်ယူလိုသူသည် လေလံစည်းကမ်းနှင့် အဆိုပြုလွှာကို အင်းတော်မြို့နယ် သမဝါယမအသင်းစုရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ် သိလိုသော အချက်အလက်များကို မြို့နယ်သမဝါယမဦးစီးဌာန ဖုန်း-၀၇၅-၂၉၀၀၈နှင့် မြို့နယ်သမဝါယမအသင်းစုရုံး ဖုန်း-၀၇၅-၂၉၀၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ် ထ/၁၇၂၊ ဧရိယာပေ(၄၀×၁၀၀) အကျယ်အဝန်းရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ပတ်သက်သည့် လက်ဝယ်ထားရှိပိုင်ဆိုင်ခံစားသူ ဒေါ်တင်ချိုအေး ၁၂/ဥကမ(နိုင်)၀၀၄၁၀၃ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်သည်။

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ထွတ်**
**၁၂/သဃက(နိုင်)၁၃၆၉၃၇**
**အမှတ်၇၉၊ သုံးလွှာ၊ ပိတောက်ပင်လမ်း၊**
**ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။**

## တင်ဒါကြော်ငြာ

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ အပ်ချုပ်စက်-စက်ရုံ(ကျောက်ဆည်)အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် တင်ဒါခေါ်ယူပါသည်-

| **စက်ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|
| ၁။ ကုန်ထုတ်အဆောက်အအုံသုံးလျှပ်စစ်ပစ္စည်းများလဲလှယ်ခြင်း | 1 Lot |
| ၂။ လုပ်ငန်းသုံးရေပိုက်လိုင်းများ စစ်ဆေးလဲလှယ်မွမ်းမံခြင်း | 1 Lot |
| ၃။ Submersible Pump (5.5 Hp) | 1 No |
| ၄။ Chamber Furnace & Temperature Controller Complete | 1 No |
| ၅။ Machine Tools | 1 Lot |
| ၆။ Electrical Accessories for 8 MVA Main Transformer | 1 Lot |
| ၇။ Renovation of Induction Furnaces(3) Nos | 1 Lot |
| ၈။ Spare Parts for Sewing M/C Production M/C | 1 Lot |
| ၉။ Renovation of Mould & Die (Master Pattern for Costing Parts) | 1 Lot |

၂။ တင်ဒါပိတ်ရက် ၂၇-၈-၂၀၁၀ ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက စီမံကိန်းဌာန၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)နှင့် အပ်ချုပ်စက်-စက်ရုံ (ကျောက်ဆည်) ဖုန်း-၀၆၇-၄၀၈၁၄၆၊ ၀၆၇-၄၀၈၁၈၃၊ ၀၆၆-၅၀၆၁၀၊ ၀၆၆-၅၀၅၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အပ်ချုပ်စက်-စက်ရုံ(ကျောက်ဆည်)**
**မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၌**
**၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်- ၂၀**

ဒေါ်ပိုပိုချစ် **နှင့်** ဦးသောင်းရွှေ
**တရားလို** **တရားပြိုင်**

မြစ်ငယ်မြို့၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြန်မာ့မီးရထားနေ (ယခုနေရပ်လိပ်စာ မသိ) ဦးသောင်းရွှေ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပိုပိုချစ်က တရားလိုအား ရောင်းချခဲ့သော မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် အကွက်အမှတ်(နန-၁၄) ဦးပိုင်အမှတ်(၄၃)၊ ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် စက်တင်ဘာ ၃ရက် (၁၃၇၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**ဟန်သိန်း (တ/၂၃၀၂)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး။**

## ဂရိတ်ဝေါ(လ်)အော်ဂင်းနစ်ကွန်ပေါင်း ဓာတ်မြေဩဇာ

မြန်မာပြည်တွင် အကောင်းဆုံးဓာတ်မြေဩဇာများကို တစ်ဦးချင်းဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဝယ်ယူရရှိနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဂရိတ်ဝေါ(လ်)စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီ လီမိတက်၊ ၃၁ လမ်း၊ ၇၇လမ်း×၇၈လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၂၂၇၆၊ ၀၉-၂၀၁၃၅၄၅၊**
**၀၂-၃၆၃၅၇၊ ၀၂-၆၆၅၃၇။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ကန်သာယာ(၁)လမ်း၊ မြေကွက်အမှတ်(၁၁၃၈)၊ ဧရိယာ ၀ဒသမ၀၅၅၈ကေရှိ နှစ်၆၀မြေဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၁၁၃၈၊ ကန်သာယာ(၁)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော(၁)ထပ် ပျဉ်ထောင်သွပ်မိုးအိမ်(ရေ၊ မီတာ)အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှတစ်ဆင့် တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ဦးရန်နိုင်ထွေး ၁၂/ဥကတ(နိုင်)၀၀၈၅၀၂ က ၄င်းလက်ရှိ ပိုင်ဆိုင်ကြောင်း အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန် လက်ခံသဘောတူသည့်အတွက် အရောင်း တန်ဖိုးငွေ တစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်မာလုံလောက်သော အထောက်အထားစာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး**
**အထက်တန်းရှေ့နေ(၂၂၅၃၈/ ၂၀၀၁)**
**ရုံး-ရုံးပတ်လမ်း၊ မြောက်ဒဂုံတရားရုံးအနီး၊**
**မဝတလမ်းဆုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၁-၇၃၀၁၄၄၁၄။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်မတလ/၁၅၀၁၇၆ ဂျာလင်း ၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၈/မသန(နိုင်)၀၅၇၂၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါကခိုင်လုံသောအထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ ကျောက်ဆည်။**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၅၇၆၄၃ Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းကျော် ၉/မရတ(နိုင်) ၁၀၈၁၅၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၆၀၂၁၇ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇော်ဝင်း ၁၄/အမန(နိုင်)၀၉၃၄၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၁၉၈၂၆ Genova Ram 110 Gno. 001 M/C ယာဉ် လက်ဝယ်ရှိသူ ဦးမြင့်သန်း ၁၄/ကခန(နိုင်) ၀၀၇၆၆၆က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ (တိုင်းဦးစီးမှူးရုံး)၊မကွေး။**





## အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အကောင်းဆုံးသုတေသနဆု ရွေးချယ်ရေး စာတမ်းဖတ်ပွဲများကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဦးစီးဌာနအဆင့် အကောင်းဆုံးသုတေသနဆု (ဝိဇ္ဇာ/သိပ္ပံ) ရွေးချယ်ရေး သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၃ရက် နံနက်၈နာရီခွဲက မန္တလေးတက္ကသိုလ်၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး** (အပေါ်ပုံ) **ဦးစီးဌာနအဆင့် အကောင်းဆုံး သုတေသနဆု(ဝိဇ္ဇာ/သိပ္ပံ) ရွေးချယ်ရေး သုတေသနစာတမ်းဖတ်ပွဲများကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများကို သီးခြားခန်းမများ၌ ဖတ်ကြားတင်သွင်းကြရာ ဆုရွေးချယ်ရေး အကဲဖြတ်ပညာရှင် အဖွဲ့ဝင်များက အကဲဖြတ် စိစစ်ရွေးချယ်ကြသည်။

### အကဲဖြတ်အမှတ်ပေး

အဆိုပါ စာတမ်းဖတ်ပွဲများတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၂၄ခုရှိ ဘာသာရပ်ဌာနများမှ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်း၂၂စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ စာတမ်း၂၂စောင်တို့ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ပြီး အကဲဖြတ်ပညာရှင် ၁၁ဦးစီပါဝင်သောအဖွဲ့က အကဲဖြတ်အမှတ်ပေး၍ ဦးစီးဌာနအဆင့် အကောင်းဆုံးသုတေသနဆု (ဝိဇ္ဇာ/သိပ္ပံ)ကို ရွေးချယ်ကြမည်ဖြစ်ကြောင်းနှင့် စာတမ်းဖတ်ပွဲများကို ဩဂုတ် ၁၄ရက် အထိ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

## မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်း အခမဲ့ လျှောက်ထားရယူနိုင်

ရန်ကုန် ဩဂုတ် ၁၇

မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းဖြစ်သည့် ခြေတု၊ လက်တုများကို အခမဲ့ ထုတ်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ခြေတု၊ လက်တု လိုအပ်လျက်ရှိသော မသန်စွမ်းသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်း အမှတ် ၇၉၇ အခန်း ၁၀၄-ဘီ ပထမထပ် မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်း(ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၀၁-၂၂၉၀၈၇ နှင့် ၀၁-၂၁၅၉၃၉ တို့သို့ လာရောက်ဆက်သွယ် လျှောက်ထားနိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများသည် ဖောင်ဒေးရှင်းရုံးခန်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မြောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းအရှည် ပေ၆၈၀၊ အကျယ်၁၂ပေရှိ နဘက် - တမဆေးကန်လမ်း ကျောက်ချောခင်းခြင်းကို ဇူလိုင် ၂၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)





## ကျောက်ချောလမ်းခင်း

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော မြို့တော်ခန်းမ အဝင်လမ်း ကျောက်ချောခင်းကျင်းပြီးစီးမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ပြည်သူ့လူ့ဘောင်သစ်ပါတီ (ပလဘသ) PEOPLE'S NEW SOCIETY PARTY (PNSP) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

**မှတ်ပုံတင်ခွင့်ပြု**

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ(၄၇) ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၄၂)ပါတီ အနက် ပါတီ(၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

**တင်ပြ**

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၇)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း သတင်းဆောင်းပါးနှင့် နိုင်ငံတကာ သတင်းအညွှန်း



စင်ကာပူ လူငယ် အားကစားပွဲတော် ဆယ် ကျော် သက် များ ဆုတံဆိပ် ဆွတ်ခူး။ (စာ - ၁၂)



နှစ်သက်တမ်း ၄၈၀၀ ခန့်ရှိ သော ကမ္ဘာ့ သက် တမ်း အ ရင့် ဆုံး သစ်ပင်ကြီး။ (စာ - ၄)

'စိုက်ပျိုးရေပေးဝေရန် တည်ဆောက်ပြုပြင်နေသည့် ပျော်ဘွယ်မြို့က ယင်းတော်ကန်'။
အောင်သန်း(မင်္ဂလာတောင်ညွန့်)၏ သတင်းဆောင်းပါး(စာ - ၁၁)

